# ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ် ၊ ကဆုန်လပြည့်၊ သောကြာနေ့ (24-5-2013) (၇၄၉၀)


## ယနေ့ မာတိကာ


အသက်(၈၀)အရွယ် ဂျပန်အဘိုးအို ဧဝရတ်တောင်ထိပ်သို့ ရောက်ရှိ — စာမျက်နှာ - ၄

ဖြစ်ပေါ်ပြောင်းလဲမှုများကို ပွင့်လင်းမြင်သာမှုဖြင့် ပြန်ကြားနိုင်ရန် သတင်းထုတ်ပြန်ရေး အဖွဲ့များနှင့် အမေရိကန်ပညာရှင်များ တွေ့ဆုံဆွေးနွေး — စာမျက်နှာ - ၇

တေးသံရှင် ကာရိုလ်ကင်းအား သမ္မတ အိုဘားမားကိုယ်တိုင် ဆုချီးမြှင့် — စာမျက်နှာ - ၁၂

ရှုန်းနီအား ခေါ်ယူရန် ပီအက်စ်ဂျီ ပြင်ဆင် — စာမျက်နှာ - ၁၃


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စုမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ပြန်လည်ရောက်ရှိရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးစဉ် သွားရောက်ပြီးနောက် မေ ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် အဖွဲ့ဝင်များနှင့်အတူ ဝါရှင်တန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။

နိုင်ငံတော်သမ္မတအား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေ၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်းနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝါရှင်တန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် မေ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကိုရီးယားသမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Suh Seoung-hwan ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ဌာနအကြီးအကဲနှင့် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ကိုရီးယားလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ပြည်တွင်းပြည်ပသတင်းထောက်များကလည်း လေဆိပ်သို့ လာရောက်သတင်းရယူပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြန်လည်လိုက်ပါလာသည့် အဖွဲ့ဝင်များအား ခရီးစဉ်၏ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

# သတ္တသတ္တာဟမဟာဟေဝိစေတီတော်အနီး အံ့ဩဖွယ် ဆွဲငင်အားတစ်ခုရှိ

**နေပြည်တော် မေ ၂၃**

နေပြည်တော်-တပ်ကုန်း အမှတ်(၁) လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၆ မိုင် ၅ ဖာလုံတွင် ထူးဆန်းသည့် ဆင်ခြေလျှောကုန်းဆင်းလေးတစ်ခု ရှိနေသည်ကို မေ ၂၂ ရက်က မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ အဆိုပါ ဆင်ခြေလျှောကုန်းဆင်း၏ အဆင်းပိုင်းနေရာသို့ ရောက်ပါက တံတောင်ဆစ် ကွေ့ငယ်လေးတစ်ခုရှိသည်။ ထို့အတွက် မော်တော်ယာဉ်များအနေဖြင့် ကုန်းအဆင်း ဆင်ခြေလျှောဖြစ်သည့် ထိုနေရာသို့ရောက်လျှင် ဂီယာဖြုတ်ကာ အရှိန်ဖြင့် အသာအယာလိမ့်ဆင်းမောင်းနှင်သွားနိုင်ပေသည်။

သို့သော် အဆိုပါမိုင်တိုင်နှင့် တည့်တည့်ကျသည့်နေရာတွင် ကားကို ခေတ္တစက်ပိတ်ရပ်တန့်ပါက ယင်းမော်တော်ယာဉ်သည် ကုန်းအဆင်း ဆင်ခြေလျှောအတိုင်း ထိုးဆင်းသွားရမည့်အစား ကုန်းအတက်ဘက်ဆီသို့ နောက်ပြန်(ဘက်ဂီယာမထိုးဘဲ) စာမျက်နှာ ၈ ကော်လံ ၃ သို့ ✿

# ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး မစ္စစ် အာကီအာဘေးတို့၏ ကိုယ်ရေးအကျဉ်း



ဂျပန်နိုင်ငံဝန်ကြီးချုပ်
မစ္စတာ ရှင်ဇိုအာဘေး

**နေပြည်တော် မေ ၂၄**

ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးသည် ၁၉၅၄ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် တိုကျိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၉၃ ခုနှစ်မှစတင်၍ ရာမဂူချီ အမှတ်(၄)ခရိုင် မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်အဖြစ် ခုနစ်နှစ်ဆက်တိုက်ရွေးချယ်ခံခဲ့ရသည်။ ၁၉၇၇ ခုနှစ်တွင် *Seikei* တက္ကသိုလ်ဥပဒေရေးရာ ဌာနမှ နိုင်ငံရေးသိပ္ပံဖြင့် ဘွဲ့ရရှိခဲ့သည်။

၁၉၇၉ ခုနှစ်တွင် မစ္စတာ အာဘေးသည် *Kobe* သံမဏိကုမ္ပဏီ၌ ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီး၏ လက်ထောက်အမှုဆောင်အဖြစ် နိုင်ငံရေးလမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ရာမဂူချီ အမှတ်(၄)ခရိုင်မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်အဖြစ် ပထမအကြိမ် ရွေးချယ်ခံခဲ့ရသည်။ ၁၉၉၉ ခုနှစ်တွင် စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱



ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီး
မစ္စစ် အာကီအာဘေး




ကြေးမုံ စာတည်း ရှုထောင့် — ၂၄-၅-၂၀၁၃၊ သောကြာနေ့

# မုတ်သုံမိုးနှင့်အတူ

မုန်တိုင်းသည် လူတို့အား အကြောက်တရားပေးထားခဲ့သည်ဟု ဆိုလျှင် မှားမည်မထင်ပါ။ အကြောင်းမူ မုန်တိုင်းများကြောင့် လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့သောကြောင့်ဖြစ်သည်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်တတ်ကြသူများဖြစ်၍ သဘာဝဘေးအား မဟန့်တားနိုင်ငြားလည်း ကြိုတင်ပြင်ဆင်အောင်ပွဲဝင်နိုင်သည့်ထုံး နှလုံးမူကြရသည်။

မြန်မာနိုင်ငံ မဟာစင်မုန်တိုင်းဘေးမှ ကင်းဝေးခဲ့လေပြီ။ လောကတွင် အကြောင်းအကျိုးနှင့် အကောင်းအဆိုးတို့မှာ ယှဉ်တွဲနေလေ့ရှိသည်။ မဟာစင်သည် တစ်ဖက်က ကြောက်စရာမုန်တိုင်းအသွင်ဖြစ်ပေါ်ခဲ့သော်လည်း တစ်ဖက်ကမူ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ရန်တံ့ဆိုင်းနေသော မုတ်သုံမိုးကို လက်တွဲခေါ်ယူနိုင်ခဲ့သည်။ ယခု မေလ ၂၂ ရက်နေ့ နောက်ပိုင်းမှစ၍ မုတ်သုံဝင်ပြီး မုတ်သုံနှင့်အတူ ရွှေမိုး၊ ငွေမိုး ဖြိုင်ဖြိုင်ရွာသွန်းဖြိုးပေတော့မည်။ တစ်ပြည်လုံး အပူမီးငြိမ်း၍ အေးချမ်းပေတော့မည်။

ယခုနှစ် ပြည်သူအများခံစားခဲ့ရသည့် နွေအပူဒဏ်ကား မသေးလှပါ။ ခရမ်းလွန်ရောင်ခြည်ပုံ့နှုန်းကလည်း မြင့်မားလှသည်။ သို့သော်လည်း သက်ဆိုင်ရာမှ အသိပညာပေးလှုံ့ဆော်မှုများကြောင့်သော်လည်းကောင်း၊ အများပြည်သူတို့၏ ဂရုပြုလိုက်နာဆောင်ရွက်ခဲ့မှုများကြောင့်သော်လည်းကောင်း သေဆုံးပျက်စီးမှုနည်းပါးခဲ့ရသည်။ သို့သော်လည်း ပြင်းထန်သည့် အပူရှိန်ကြောင့် ရေတွင်းရေကန်များ၊ ချောင်းမြောင်း၊ အင်းအိုင်များ ရေခန်းခြောက်ကာ မြန်မာနိုင်ငံအလယ်ပိုင်းသာမက ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ပင် ရေဒုက္ခ ပင်လယ်ဝေခဲ့ရသည်။ လူသားချင်း စာနာထောက်ထားသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်များ၏ ရေလှူဒါန်းပေးခဲ့မှုများကြောင့် အတန်အသင့်ပြေလည်မှုရရှိခဲ့သည်မှာလည်း ဝမ်းမြောက်ဖွယ်ဖြစ်၏။

မကြာမီ မုတ်သုံမိုးနှင့်အတူ ရေချိုသယံဇာတ အရင်းအမြစ်များ စီးဝင်လာတော့မည်ဖြစ်သည်။ ယင်းရေချို အရင်းအမြစ်များအား မဆုံးရှုံးရလေအောင် ဆည်မြောင်း ကန်ချောင်းများအား ဆည်ဖို့ခြင်း၊ အသစ်တူးဖော်ခြင်း၊ ပြုပြင်ခြင်း လုပ်ငန်းများကို ဆောလျင်စွာ လုပ်ကိုင်ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

ဤသို့ဆောင်ရွက်ရာတွင် (အထူးသဖြင့် ရေရှားပါးပြတ်လပ်သောဒေသများတွင်) ရေတွင်းရေကန်များ၊ ချောင်းမြောင်းများကို လူထုအားဖြင့်သော်လည်းကောင်း၊ စက်ယန္တရားအကူအညီများဖြင့်သော်လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသကြီးများတွင် ဒေသဆိုင်ရာကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ဖွံ့ဖြိုးရေးဆပ်ကော်မတီများ၊ အလှူရှင်များ၏ အကြံဉာဏ်အား၊ ငွေအားတို့ကိုရယူကာ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်သည်။

ရေအရင်းအမြစ်နှင့်ပတ်သက်၍လည်း ထိုင်းနိုင်ငံတွင် ကျင်းပနေသည့် ဒုတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရေထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကမ္ဘာ့လူဦးရေလျင်မြန်စွာတိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေသယံဇာတရှားပါးမှုသည် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် နှစ်စဉ်မိုးရေချိန် လက်မ ၁၀၀ ကျော်ရွာသွန်းပြီး နှစ်စဉ်ရေချိုကုဗမီတာ သန်းပေါင်း ၈၈၀ ရရှိသော နိုင်ငံဖြစ်ရာ ယင်းရေချိုအရင်းအမြစ်များ ပင်လယ်သမုဒ္ဒရာမြစ်ချောင်းအတွင်း စီးဝင်စေခြင်းဖြင့် အလဟဿအဆုံးရှုံးမခံသင့်ပေ။

နိုင်ငံအတွက် အရေးကြီးလှသည့် စိုက်ပျိုးရေးလုပ်ငန်းအတွက်လည်းကောင်း၊ သောက်သုံးရေအတွက်လည်းကောင်း လိုအပ်နေသည့် ရေချိုအရင်းအမြစ်များကို နည်းမျိုးစုံဖြင့် ထိန်းသိမ်းကာ အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံးကလည်း အမျိုးသားရေးအသိဖြင့် ပါဝင်ကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# မြန်မာ-ဂျပန် ဘာသာရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မေ ၂၃**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် Japan Buddhist Federation မှ Rev. Joeinasuno, Jodoshinshu Hongwanji- Hi FUJEJI တို့သည် ယမန်နေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ Rev. Joeinasunoက ဂျပန်နိုင်ငံတွင် မြန်မာနိုင်ငံကဲ့သို့ သာသနာရေးဝန်ကြီးဌာနမရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေး သာသနာရေးကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေကို သိရှိလိုကြောင်း၊ ဂျပန်နိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိသော်လည်း ဘာသာရေးယုံကြည်ချက် အားနည်းလာလျက်ရှိကြောင်း၊ လူနေမှုစနစ်မြင့်မားရေးသည် အရေးကြီးသော်လည်း သာသနာရေးဝန်ကြီးဌာနသည် လူတို့၏စိတ်နေသဘောထား နူးညံ့သိမ်မွေ့စေရေးအတွက် ပို၍အရေးကြီးမည်ဟု ယုံကြည်ကြောင်း၊ ထေရဝါဒဗုဒ္ဓစာပေများကို နှစ်နိုင်ငံအနေဖြင့် အပြန်အလှန် သင်ကြားစေလိုကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ထေရဝါဒဗုဒ္ဓဘာသာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်နှစ်ခုရှိပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၅၀၀၀ ကျော် ရှိပါကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ပို့ချပေးလျက်ရှိကြောင်း၊ ရွာတိုင်းတွင်လည်း ဘုန်းတော်ကြီးကျောင်းများရှိပြီး ဆရာတော်များက သင်ကြားဆုံးမပေးလျက်ရှိကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် သင်ကြားလေ့လာရာတွင် ဘာသာစကားအခက်အခဲရှိကြောင်း၊ မိမိတို့နိုင်ငံသို့ လာရောက်လေ့လာဆည်းပူးလိုလျှင် အခမဲ့ သင်ကြားနိုင်ကြောင်း၊ ပြည်ပနိုင်ငံများမှ ထေရဝါဒဗုဒ္ဓစာပေများကို လာရောက်သင်ယူသူများအတွက် အင်္ဂလိပ်၊ ပါဠိနှစ်ဘာသာဖြင့် သင်ကြားပေးလျက် ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၃**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၇၁၀၅၀၀ -၇၁၁၅၀၀ | |
| မန္တလေးရွှေဈေး | ၇၁၀၅၀၀ -၇၁၁၅၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ ကျပ် |
| (ခ) | အောက်တိန်း95 | တစ်ဂါလန် | ၄၂၈၀ ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်ဂါလန် | ၃၄၈၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၄၆. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၁၃. ၈ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၆. ၀၉ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၅၄. ၃၀ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၁. ၆၃၄ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၃. ၀၉ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၉၆ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၁၇. ၁၁ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၄. ၉၃၉ |
| (ည) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၄. ၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

# သံဝေဇနိယ လေးဌာနတည်ရှိရာသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေး လုပ်ငန်းညှိနှိုင်း

**ရန်ကုန် မေ ၂၃**

သံဝေဇနိယလေးဌာနတည်ရှိရာသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ယခင်က ဘုရားဖူးလုပ်ငန်းအချို့ကို ဝန်ကြီးဌာနမှ တိုက်ရိုက် ကိုင်တွယ်ဆောင်ရွက်ခဲ့ရာမှ ယခုအခါ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဘုရားဖူးခရီးသွားအဖွဲ့များကလည်း လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာဖြင့် သွားလာနိုင်ရေးရှေ့ရှု၍ အကောင်းဆုံးဝန်ဆောင်မှုများပေးကြရန်နှင့် လွတ်လပ်စွာ စီမံဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သောအကူအညီများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ခရီးစဉ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းအဖွဲ့ ၉၈ ဖွဲ့တို့မှ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ ကာတွန်း




# မေထုန်မဲ့ သားစပ်သင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၂၃**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေထုန်မဲ့ သားစပ်လုပ်ငန်းအား အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မွေးမြူသူများကိုယ်တိုင် လက်တွေ့ဆောင်ရွက်နိုင်စေရန် မေထုန်မဲ့ သားစပ်သင်တန်းအား မေ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် ရုံးတွင် ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းက အဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာညီညီလွင်နှင့် ပျဉ်းမနားမြို့နယ်ဦးစီးအရာရှိဒေါက်တာဝင်းစိုးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းပို့ချမှုများကို ရှင်းလင်းပြောကြားကာ သင်တန်းသားများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးသည်။ သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သင်တန်းသား ၆၀ တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၅၈၆)**




# မြန်မာ – အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးအပေါ် သူတို့အမြင်

သတင်းစဉ် သတင်းအဖွဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးသော တရားဝင်အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်မှုအလားအလာ မြောက်မြားစွာကို ဆောင်ကြဉ်းပေးနိုင်သော ပြယုဂ်တစ်ခုအဖြစ် သမိုင်းတွင်ကျန်ရစ်နေမည်ဖြစ်ပါသည်။ ထိုအောင်မြင်မှုရလဒ်မှသည် မြန်မာနိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ မြန်မာ-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးတို့ကို သာမက အခြားသောကဏ္ဍများစွာဖွံ့ဖြိုးတိုးတက်စေရေးကိုပါ စွမ်းဆောင်ပေးနိုင်တော့မည်ဟု ယုံကြည်မိပါသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်။



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်။

သို့ဖြစ်ရာ နှစ်နိုင်ငံဆွေးနွေးဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ အဆိုပါခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသူများအား မေးမြန်းချက်များအရ သိရှိရမှုအပေါ် မျှဝေတင်ပြလိုက်ရပါသည်။

**ဦးစိုးသိန်း**
**ပြည်ထောင်စုဝန်ကြီး**
**သမ္မတရုံးဝန်ကြီးဌာန**

ကျွန်တော်တို့အနေနဲ့ သမ္မတအိုဘားမားနဲ့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့လုပ်နေတာ၊ သူက ကူညီမယ့်ဟာတွေပြောတာပေါ့။

အလားတူပဲ၊ ကွန်ဂရက်နဲ့ ဆီးနိတ်ကျတော့လည်း ကျွန်တော်တို့လုပ်နေတာ၊ သူတို့သိချင်တာတွေ၊ အမှန်တကယ် မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ အနေအထားတွေကို ပြောကြားခွင့်ရခဲ့ပြီး သူတို့မေးတာတွေကိုလည်း ကျွန်တော်တို့ ဖြေကြားခွင့်ရတဲ့အတွက် နှစ်ဖက်ပိုပြီးတော့ နားလည်လာတာပေါ့။

နောက်တစ်ခုက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်နှစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒါ အမေရိကန်ကုမ္ပဏီတွေအတွက် ပိုပြီးခိုင်မာတာပေါ့။ ကွန်ဂရက်နဲ့ဆီးနိတ်ကိုတော့ သမ္မတကြီးကရှင်းပြနိုင်တယ်။ နိုင်ငံရေးအကျဉ်းသားကိစ္စတွေ၊ အခြားသိချင်တဲ့ နိုင်ငံရေး၊ စီးပွားရေးကိစ္စတွေ၊ ပြုပြင်ပြောင်းလဲမှုကိစ္စတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွေမေးတဲ့အခါမှာ သမ္မတကြီးက ပွင့်ပွင့်လင်းလင်း ပြောကြားနိုင်တဲ့ အတွက်ကြောင့် အောက်လွှတ်တော်ရော၊ အထက်လွှတ်တော်ကပါ လက်ခံတယ်။ သူတို့ ပိုပြီးနားလည်လာတာပေါ့။ ကျွန်တော်တို့လည်း ဆက်ထိတွေ့ပြီးတော့ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းစဉ်တွေကိုပြောမယ်။ နောက်ပြီး သမ္မတအိုဘားမား ဒီကိုလာခဲ့တဲ့ခရီးစဉ်မှာ ကျွန်တော်တို့လုပ်ခဲ့တဲ့ အချက်(၁၁)ချက်ရှိပါတယ်။ အဲဒီ(၁၁)ချက်ကို တစ်ချက်ပြီးတစ်ချက် ဆောင်ရွက်သွားရင်းနဲ့ မြန်မာ-အမေရိကန်ဆက်ဆံရေး ပိုကောင်းလာရင် ကျွန်တော်တို့ ပြည်သူတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာ အများကြီးအထောက်အကူပြုမှာပါ။

**ဦးရဲထွဋ်**
**ဒုတိယဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

အမေရိကန်လွှတ်တော်မှာလည်း မြန်မာ့အရေးကို စိတ်ဝင်တစား ဆောင်ရွက်နေတဲ့ လွှတ်တော်အမတ်တွေရော၊ အထက်လွှတ်တော်နဲ့အောက်လွှတ်တော်ခေါင်းဆောင်နှစ်ယောက်စလုံးကိုရော သမ္မတကြီးကတွေ့ဆုံပြီးတော့မှ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအခြေအနေတွေ၊ ဒီပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေဟာ ဘယ်လိုမှ နောက်ပြန်လှည့်စရာ အကြောင်းမရှိဘူး၊ ရှေ့ကိုပဲ ဆက်သွားဖို့ရှိတယ်။ ဒါကြောင့်မို့ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီဖို့ လိုတယ်ဆိုတာကို နားလည်အောင်ပြောနိုင်ခဲ့တယ်။ ဒါ အောင်မြင်တဲ့ခရီးစဉ်ပါ။ ဒီခရီးစဉ်ရဲ့ ချက်ချင်းပေါ်တဲ့ ရလဒ်တွေရှိသလို နောက် မကြာခင်မှာလည်း ဒီခရီးစဉ်ရဲ့ အကျိုးဆက်အဖြစ်နဲ့ ရလဒ်ကောင်းတွေထွက်ပေါ်လာမယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

Sanction အနေနဲ့က လွှတ်တော်က Sanction ရုပ်သိမ်းဖို့ ကျန်တာပေါ့။ လွှတ်တော် ခေါင်းဆောင်တွေကို ကျွန်တော်တို့သေချာရှင်းပြနိုင်တဲ့ အတွက် မစ်ချ်မက်ကော်နဲလ်တို့ဘက်ကလည်း ပြန်လည်ရုပ်သိမ်းဖို့အတွက် သူတို့သဘောတူတယ်ဆိုတာမျိုးပြောတာရှိပါတယ်။ သို့သော် လွှတ်တော်ရဲ့ သဘောသဘာဝအရ မဲခွဲဆုံးဖြတ်ရတာတွေရှိတော့ အချိန်ယူရမှာပေါ့။ ဘာပဲပြောပြော ဒါကိုရုပ်သိမ်းရေးဘက်ကို ရွေ့ရှုနေပြီလို့တော့ ပြောလို့ရပါတယ်။

သမ္မတကြီး အဓိကထားပြောတာတွေကတော့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ အကျိုးသက်ရောက်မယ့် အကူအညီတွေ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့တွေ၊ အသေးစားနဲ့အလတ်စား စက်မှုလုပ်ငန်းကဏ္ဍတွေ၊ ဒါတွေကိုဖွံ့ဖြိုးတိုးတက်စေမယ့် ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပါဆိုပြီးတော့ ပြောခဲ့ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

သူတို့ဘက်က အကြံပေးချက်တွေကတော့အများကြီးရှိတာပေါ့။ အဓိကကတော့ ပွင့်လင်းမြင်သာမှုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ဘက်က နိုင်ငံတကာတင်ဒါတွေ ခေါ်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုဆိုတဲ့ နိုင်ငံတကာစံတွေရှိတယ်။ အခုလည်း ကျွန်တော်တို့စလုပ်နေပြီပေါ့။

နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံက လုပ်နေတဲ့ သတ္တုထုတ်လုပ်မှုနဲ့ ပတ်သက်ရင် EITI ဆိုတဲ့ အဖွဲ့ရှိတယ်။ ဒီအဖွဲ့ကို ကျွန်တော်တို့ ဝင်ရောက်ပြီး ပါဝင်နိုင်ဖို့ပေါ့။ ဒါဆိုရင် ကျွန်တော်တို့ နိုင်ငံတကာစံတွေ မြင့်သွားမယ်။ ဒါမျိုးတွေ ကျွန်တော်တို့ ပြောပါတယ်။ သူတို့ဘက်ကလည်း အမေရိကန်ကုမ္ပဏီတွေအနေနဲ့လည်း အထူးသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုအသိုင်းအဝိုင်းအပေါ် ထိခိုက်မှုတွေနဲ့ပတ်သက်ပြီး သေချာဂရုစိုက်လုပ်မယ်ဆိုပြီး သူတို့ဘက်က ပြန်ရှင်းပြခဲ့ပါတယ်။

**ဒေါက်တာပွင့်ဆန်း**
**ဒုတိယဝန်ကြီး**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

အမေရိကန်နိုင်ငံကို အလုပ်သဘောခရီးစဉ်အဖြစ်သွားရောက်ခဲ့တဲ့ ယခုခရီးစဉ်ကတော့ အစ၊အလယ်၊ အဆုံး အောင်မြင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးနဲ့ဆိုင်တဲ့ ကိစ္စရပ်မှာ စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ပထမစာချုပ်ဖြစ်တဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုမူဘောင်သဘောတူညီချက်ရဲ့ အဓိက အားသာချက်ကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ကူးသန်းရောင်းဝယ်မှုကိစ္စတွေမှာ အမေရိကန်နဲ့ မြန်မာနိုင်ငံက ကုန်သွယ်မှုပြုလုပ်တဲ့ကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအပေါ် အစိုးရနှစ်ခုက ပိုမိုပြီးတော့ အသိအမှတ်ပြုပြီး အထောက်အပံ့အကူအညီပေးမယ့် သဘောသက်ရောက်ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှု ပိုအားကောင်းလာပြီး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲပါဘူး။

OPIC မှာ ချုပ်ဖြစ်တဲ့ဒုတိယစာချုပ်မှာကတော့ အဓိကအနေနဲ့ လယ်ယာစိုက်ပျိုးရေး၊ Financial Institution ဆိုင်ရာကိစ္စ၊ Micro Financing လို့ခေါ်တဲ့ အသေးစား ငွေကြေးထောက်ပံ့ရေးဆိုင်ရာကိစ္စတွေနဲ့ SMEs Development ကိစ္စတွေကို နှစ်နိုင်ငံပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အမေရိကန်ဘက်က ထောက်ပံ့ကူညီဖို့ သဘောတူပြီး ချုပ်ဆိုခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**တွဲဖက်အတွင်းရေးမှူး**
**မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်**

မေလ ၂၁ ရက်နေ့ မနက်ကဆိုရင် အမေရိကန်အစိုးရရဲ့ Agency နှစ်ခုနဲ့ မြန်မာနိုင်ငံအစိုးရတို့ လက်မှတ်ရေးထိုးကြပါတယ်။ ဒီနှစ်နိုင်ငံအနေနဲ့ ကတိကဝတ်ပြုတဲ့ စာချုပ်နှစ်ခုနဲ့ စာချုပ် ချုပ်ဆိုခဲ့ခြင်းဟာ မြန်မာလုပ်ငန်းရှင်များရော၊ အမေရိကန်လုပ်ငန်းရှင်များကိုပါ သဲသဲကွဲကွဲ ရှေ့ဆက်လုပ်ဆောင်ဖို့ရပြီလို့ အတည်ပြုလိုက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့်မို့ ကျွန်မတို့ အထူးအားရှိပါတယ်။ ရှေ့ဆက်လည်း ကျွန်မတို့ ကုန်သည်/ စက်မှုအသင်းချုပ်နဲ့ ပူးပေါင်းလုပ်ကိုင်သွားဖို့ စကားတွေ အများကြီး ပြောခဲ့ကြပါတယ်။ ပြောတဲ့အခါမှာ ကျွန်မတို့အခုဆို အကြီးစားလုပ်ငန်းတွေဝင်တာပေါ့။ အကြီးစားလည်းလာပါ၊ လာတဲ့အကြီးစားလည်းပဲ မြန်မာနိုင်ငံမှာရှိတဲ့ စက်မှုလက်မှု လုပ်ငန်းတွေကို Supporting Industry ဖြစ်အောင် ကူညီပါလို့ ကျွန်မတို့ ဆွေးနွေးခဲ့တယ်။

ပြီးတော့ မြန်မာနိုင်ငံ အသေးစား၊ အလတ်စား ကုမ္ပဏီတွေကို ကူညီဖို့အတွက် သူတို့ဘက်ကလည်း အသေးစား၊ အလတ်စား ကုမ္ပဏီတွေနဲ့ ကျွန်မတို့ ဆွေးနွေးခဲ့ကြပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်တဲ့ လူအင်အား အများဆုံးသုံးရတဲ့ အထည်ချုပ်လုပ်ငန်းမျိုး၊ ဖိနပ်ချုပ်လုပ်ငန်းမျိုးပေါ့လေ၊ ဒီလိုလုပ်ငန်းတွေလည်း လာပြီး ရင်းနှီးမြှုပ်နှံဖို့ ကျွန်မတို့ ဖိတ်ခေါ်ခဲ့ပါတယ်။ IT ပိုင်းဆိုင်ရာမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့ပါတယ်။ တစ်ခါ အမေရိကန်ရောက် မြန်မာလူမျိုးတွေကလည်း ပြန်လာချင်လို့ လာဆွေးနွေးကြတာတွေ ရှိပါတယ်။ တော်တော်လေး အနာဂတ်အတွက် ဝမ်းသာစရာကောင်းတဲ့ အခြေအနေကို လှမ်းမြင်နေရပါပြီ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခင်မောင်မော် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန |
| (၂) | ဦးတိုးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန |
| (၃) | ဦးလှမော်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန |
| (၄) | ဒေါ်ယဉ်ယဉ်မြ ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန |
| (၅) | ဦးမင်းထွဋ် ဒုတိယညွှန်ကြားရေးမှူးချုပ်(ရုံးအဖွဲ့မှူး) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ပြည်တွင်းအခွန်များဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာန |







တရုတ်ဝန်ကြီးချုပ် လီကိုင်ကျန်းအား ပါကစ္စတန်သမ္မတ အဇစ်ဇာဒါရီက ကြိုဆိုနှုတ်ဆက်စဉ်။

## ဒေသတွင်းတည်ငြိမ်ရေးအတွက် အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေးအရေးပါဟု တရုတ်ပြောကြား

**ပေကျင်း မေ ၂၃**

တရုတ်ဝန်ကြီးချုပ် လီကိုင်ကျန်းသည် အိန္ဒိယနိုင်ငံမှ တစ်ဆင့် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် ရောက်ရှိသွားသည်။ ပါကစ္စတန်နိုင်ငံသည် ခင်မင်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်း တရုတ်နိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံအကြား ဆက်ဆံရေးသည် အပြုသဘောဆောင်ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များက နှစ်နိုင်ငံဆက်ဆံရေးတိုးတက်အောင် အကောင်အထည်ဖော်ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လိုင်းက သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံလုံးသည် တောင်အာရှဒေသတွင် အရေးပါသောနိုင်ငံများဖြစ်ကြကြောင်း၊ ၎င်းနှစ်နိုင်ငံအကြားဆက်ဆံရေးသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ချစ်ခင်ရင်းနှီးသော အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့်အတွက် ၎င်းတို့သည် ဒေသတွင်းဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းနိုင်မည်၊ ၎င်းတို့၏ ဆက်ဆံရေးကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဟု ရိုးသားစွာမျှော်လင့်ကြောင်း ထပ်မံပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံ သုံးရက်ကြာခရီးစဉ်ကို ယမန်နေ့က အဆုံးသတ်ခဲ့သည်။ **ဆင်ဟွာ။**

## အိုကလာဟိုးမား လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုတန်ဖိုးဒေါ်လာ နှစ်ဘီလီယံခန့်ရှိနိုင်

**ဝါရှင်တန် မေ ၂၃**

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ် မူရီမြို့တွင် မကြာသေးမီက လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ၂၄ ဦးရှိပြီး လူ ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု တန်ဖိုး ဒေါ်လာ နှစ်ဘီလီယံ ကျော်အထိ ရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင်ပြောကြားသည်။

ပြည်နယ် အာမခံလုပ်ငန်းမဟာမင်းကြီး ဂျွန်ဒုက်က မေ ၂၃ ရက်တွင် ထိခိုက်ပျက်စီးမှု အခြေအနေနှင့် ပတ်သက်၍ သတင်းစာများသို့ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးမှုမှာ ၂၀၁၁ ခုနှစ်တွင် မစ်ဆူရီပြည်နယ် ဂျိုပလင်း၌ တိုက်ခတ်ခဲ့သော လူ ၁၆၁ ဦး သေဆုံးခဲ့သည့် လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပမာဏနှင့်ညီမျှဖွယ်ရှိကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။ မူရီမြို့မှ ကီလိုမီတာ ၂၀ နီးပါးအကွာရှိ အိုကလာဟိုးမားမြို့၏ မြို့တော်ဝန် မစ်ကောနက်က ခန့်မှန်းပြောကြားရာတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ မှ နှစ်ဘီလီယံအကြားရှိပြီး လူဦးရေ ၃၀၀၀၀ ခန့် လေဆင်နှာမောင်းဒဏ် ခံခဲ့ရသည်ဟု ဆိုသည်။

အမျိုးသားမိုးလေဝသဌာန အဆင့်အတန်းသတ်မှတ်ချက်အရ အဆိုပါ လေဆင်နှာမောင်းမှာ အီးအက်ဖ်-၅ အဆင့်ရှိသည့် အလွန့်အလွန် ပြင်းထန်သော လေဆင်နှာမောင်းဖြစ်ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ (မိုင် ၂၀၀)ခန့်ရှိသည်ဟုဆိုသည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူနေအိမ်အလုံး ၁၃၀၀၀ ခန့်ပျက်စီးခဲ့ရသည်။

**(ဇီးနယူးစ်)**

## ဘာရိန်းလေကြောင်းပိုင်နက်တွင် အီရန်မောင်းသူမဲ့လေယာဉ်တွေ့

**ပနားမား မေ ၂၃**

ဆော်ဒီအာရေဗျနိုင်ငံနှင့်ထိစပ်နေသော ဘာရိန်းနိုင်ငံမြောက်ပိုင်း နယ်စပ်အနီး လေကြောင်းပိုင်နက်တွင် အီရန်မောင်းသူမဲ့လေယာဉ် တစ်စင်းကို တွေ့ရှိကြောင်း ဘာရိန်းပြည်ထဲရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

**စွက်ဖက်**

အီရန်နိုင်ငံသည် ဘာရိန်းနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံ၏ ပြည်တွင်းရေးကို တိုးမြှင့်ဝင်ရောက်စွက်ဖက်လျက်ရှိကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ရှိတ်ရာရှစ်ဘင် အဗ္ဗဒူလ်အယ်လ်ခါလီဖာက ပြောသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံနှင့်ဆက်သွယ်မှုရှိသော အကြမ်းဖက်ကွန်ရက်ကို ဘာရိန်းနိုင်ငံက ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း ခါလီဖာက ပြောသည်။

**သိမ်းသွင်း**

အီရန်နိုင်ငံက ၎င်းကိုထောက်ခံသူအသစ်များ ရှာဖွေသိမ်းသွင်းခြင်းအပါအဝင် သူလျှိုလုပ်ရန် ကြိုးပမ်းခြင်းသည် ဒေသတွင်းနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်ဟုဆိုသည်။

**ဆင်ဟွာ။**



## အသက် (၈၀)အရွယ် ဂျပန်အဘိုးအို ဧဝရတ်တောင်ထိပ်သို့ ရောက်ရှိ

**ခတ္တမန္ဒူ မေ ၂၃**

အသက် (၈၀)အရွယ် ဂျပန်လူမျိုးအဘိုးအို ယူအိချိုရိုမူရာသည် ဧဝရတ်တောင်ထိပ်ပေါ်သို့ တက်ရောက်နိုင်သည့် ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

ယူအိချိုရိုမူရာသည် ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သော ဧဝရတ်တောင်ထိပ်သို့ မေ ၂၃ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် ရောက်ရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနအောက်ရှိ ခြေလျင်နှင့်တောင်တက်ဌာနမှ တာဝန်ရှိသူ ဂါနန်ဒရာက ပြောကြားသည်။

၂၀၀၈ခုနှစ် မေလက အသက်(၇၆)နှစ်ရှိ နီပေါအဘိုးအို မင်ဘဟာဒူးရှားချန်းသည် ဧဝရတ်တောင်ထိပ်သို့ တက်ရောက်နိုင်သော အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ **ဆင်ဟွာ။**

## ပါကစ္စတန်အနောက်တောင်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ ကားဗုံးထိမှန် ၁၂ ဦး သေဆုံး၊ ၁၇ ဦး ဒဏ်ရာရရှိ

**အစ္စလာမ္မာဘတ် မေ ၂၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့တွင် မေ ၂၃ရက်နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့၏ကားကို ဗုံးတစ်လုံးထိမှန်ရာ လူ ၁၂ ဦးထက်မနည်းသေဆုံး၍ ၁၇ ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မြို့တော်ကွက်တာမြောက်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ကားကိုပစ်မှတ်ထား၍ အဝေးထိန်းကိရိယာဖြင့် အမည်မသိစစ်သွေးကြွများက ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းဒေသတွင် လုံခြုံရေးတပ်ဖွဲ့၏ကားများ ဖြတ်သန်းသွားလာစဉ် ခန့်မှန်းအလေးချိန် ၁၀၀ ကီလိုဂရမ်ရှိသော ဖောက်ခွဲရေးပစ္စည်းကို လမ်းဘေးတွင် ရပ်ထားသော ကားတစ်စီးတွင်တပ်ဆင်ကာ အဝေးမှဖောက်ခွဲလိုက်ခြင်းဖြစ်သည်။

ပေါက်ကွဲမှုကြောင့် လူငါးဦးပွဲချင်းပြီးသေဆုံးကာ ခုနစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် ကွက်တာမြို့ဆေးရုံတွင် သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသွားသူများအား ဆေးရုံသို့ပို့ဆောင်ကုသပေးလျက်ရှိကြောင်း ပြောကြားသည်။

ဒဏ်ရာရရှိသူ ၁၇ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးနှင့် အရပ်သားငါးဦးဖြစ်ကြသည်။ ပေါက်ကွဲမှုအရှိန် ပြင်းထန်သဖြင့် အနီးအနားရှိဈေးဆိုင်အချို့နှင့် ထိမှန်ခံရသောကားပျက်စီးသွားကြောင်း၊ ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စု၏လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ **ဆင်ဟွာ။**

## အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံး ဖုံးခွဲရန်ကြံစည်သူ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

မေ ၈ ရက်က အနောက်ဂျာဗားပြည်နယ်ရှိ စီဗွန်ဒီဝါ ကျေးရွာ၌ မသင်္ကာဖွယ်ရာနေရာ တစ်နေရာကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေရန် ပြင်ဆင်နေစဉ်။



**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာရှိ မြန်မာသံရုံးကို ဗုံးခွဲရန်အစီအစဉ်တွင် နောက်ကွယ်မှ ကြိုးကိုင်သူဟု သံသယရှိသူကို ဗုဒ္ဓဟူးနေ့နှောင်းပိုင်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး အမျိုးသားရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

မြန်မာသံရုံးဗုံးခွဲရန်စီစဉ်သူဟု စွပ်စွဲခံရသူစီဂျစ်ကို ဂျကာတာမြို့မြောက်ပိုင်း တန်ကျန်ပဇိုင်းရတ်မြို့၌ ည ၈ နာရီခွဲခန့်တွင် ဖမ်းဆီးနိုင်ခဲ့သည်ဟု အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရဲမှူးချုပ် ဘွိုင်းရာဖလီအမာက ကြာသပတေးနေ့တွင် ပြောကြားသည်။

အခြားသံသယရှိသူနှစ်ဦး စီဖာနှင့် အာမက်တူဖစ်တို့ကို တပ်ဆင်ပြီး ပိုက်ဗုံးငါးလုံးနှင့်အတူ ဂျကာတာမြို့တောင်ပိုင်း၌ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားနေစဉ် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် စီဂျစ်၏လှုပ်ရှားမှုကို စောင့်ကြည့်နေသဖြင့် မြန်မာသံရုံးဗုံးခွဲမည့်အစီအစဉ်ကို ဖြိုခွင်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ **ဂျကာတာဂလုပ်။**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများ အသင်းကြီး၏
တော်ဝင်စင်တာ စာအုပ်ဈေးပွဲတော်



# ရှက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြုံး ပီတိဖုံးစေမည့် နေပြည်တော် သတ္တဌာနဆီသို့ (၅)

**စေတနာမောင်**

(ယမန်နေ့မှအဆက်)

ယခု သတ္တသတ္တာဟစေတီတော် တည်ဆောက်ရာတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဒေသခံသြဝါဒါစရိယဆရာတော်ကြီးများထံ သြဝါဒခံယူ၍ ရွှေသုဝဏ်ဆရာတော်ကြီး၏ လမ်းညွှန်ချက်၊ ပိဋကတ်ကျမ်းဂန်တော်လာ အဆိုအမိန့်များ၊ စေတီတော်ကိုးကွယ်ခြင်းနှင့်စပ်လျဉ်းသည့် သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ မဟာမင်္ဂလာ ကိုးမျိုးတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် တည်ဆောက်မှုကုန်ကျစရိတ်များနှင့် ပတ်သက်၍ အလှူငွေများဖြင့်သာ သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ သို့ဖြစ်ရာ ထိုသို့သော အလှူရှင်ပုဂ္ဂိုလ်ထူးများအတွက်နောင်တွင်လည်း သာသနာအကျိုးရည်မျှော်၍ ဆက်လက်ပါဝင်လှူဒါန်းနိုင်ကြပါစေကြောင်း မုဒိတာပွားမိပါသည်။ အားလုံးလည်း မုဒိတာပွားနိုင်ကြပါစေ။

တည်ထားပြီးစီးသည့် စေတီတော်၏ ရွှေထီးတော်တွင် ရတနာပစ္စည်းများ ကပ်လှူပူဇော်ရန်အတွက် ရတနာပစ္စည်းများအား နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ မေ ၂ ရက်နေ့မှစတင်လှူဒါန်းခဲ့ကြရာ မေ ၂၃ ရက်နေ့အထိ စုစုပေါင်းရတနာပစ္စည်းတန်ဖိုး ကျပ် ၇၅၂ သိန်းနှင့် ငွေသား ၇၀ ဒသမ ၉၅ သိန်းရှိပြီဖြစ်သည်။

အလှူရှင်များ လှူဒါန်းထားသည့် ရတနာပစ္စည်းများနှင့်ဥပနာများကို ဥပနာပုံကျမ်းနှင့်အညီ ဥပနာသွင်းလှူမည်ဖြစ်ပြီး ဝတ္ထုငွေများကို စေတီတော်ကြီး၏ ထာဝရငွေပဒေသာပင်အဖြစ် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

စေတီတော် ဖြစ်မြောက်ရေးအတွက် ကိုယ်အား၊ ပစ္စည်းအား၊ စေတနာ အား၊ သဒ္ဓါအားတို့ဖြင့် ကဏ္ဍအသီးသီးတွင် ကျရာတာဝန်ကို တတ်စွမ်းသမျှ ပါဝင်ခဲ့ကြသူများအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ခွင့် ရရှိခြင်းသည် တစ်သက်တာတွင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်ဟု ခံယူမိပါသည်။

မြင့်မြတ်လှသော လူ့ဘဝကိုရရှိလာသည့်အခါ ကြုံခဲလှသည့် သာသနာနှင့်ကြုံခွင့်ရရလျက်ရှိပါသည်။ ယင်းသို့ ကြုံတွေ့ရာတွင်လည်း ပြုနိုင်ခဲလှသော သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ခွင့်ရသည် ပင်လျှင် မော်ကွန်းတင်ထိုက်၊ တစ်သက်မမေ့ထိုက်သည့် ကုသိုလ်၊ အာစိဏ္ဏကံကုသိုလ်ဖြစ်သည့်အတွက် အလွန်တရာ မွန်မြတ်လှသည့်ကုသိုလ်ဖြစ်သည်ဟုလည်း ယုံကြည်မိပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင် တည်ထားကိုးကွယ်ထားသည့် စေတီတော်များသည် မရေမတွက်နိုင်အောင် များပြားလှပါသည်။ ထိုသို့သောစေတီပုထိုးတို့မှာ အမျိုးမျိုးသောပုံစံများဖြင့် တည်ထား ကိုးကွယ်ကြပါသည်။ သို့သော် ယခုကဲ့သို့သောစေတီတော်မျိုးသည် အင်မတန်ရှားပါးပါသည်။ ဗုဒ္ဓဂယာနှင့်ပတ်သက်၍ ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်စသည့် နေရာမျိုးတွင် အသွင်အမျိုးမျိုးဖြင့် တည်ရှိနေသော်လည်း ယခုသတ္တဌာနမှာမူ အများနှင့်မတူ တစ်မူထူးခြားလျက်ရှိပါသည်။ အကြောင်းမှာ ဤစေတီတော် မတည်ဆောက်မီကတည်းက ပညာရှင်လေ့လာရေးအဖွဲ့ဖြင့် စနစ်တကျ တိုင်းတာပုံဖော်ကာ အိန္ဒိယနိုင်ငံ သတ္တဌာနတည်ရှိသည့်အတိုင်း အမြင့်၊ ဉာဏ်တော်၊ အကွာအဝေး၊ အတိုင်းအတာများတူညီအောင် မြန်မာ့မူဟန်၊ သဏ္ဌာန်တို့ဖြင့် တည်ဆောက်ထားခြင်းကြောင့်ပင် ဖြစ်ပါသည်။

ယနေ့သည် သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူပြီး မြတ်စွာဘုရားအဖြစ် ပွင့်တော်မူရာ နေ့ထူးနေ့မြတ် ဗုဒ္ဓနေ့ဖြစ်ပါသည်။ သတ္တဌာနဟူသည် ဘုရားဖြစ်တော်မူပြီး သီတင်းသုံးခဲ့သည့် ဌာနများဖြစ်ပါသည်။ သို့ဖြစ်၍ ဘုရားဖြစ်တော်မူခဲ့သည့်နေ့တွင် ယခုကဲ့သို့ ရွှေထီးတော်တင် မဟာမင်္ဂလာကျင်းပရခြင်းဖြစ်ပါသည်။

သတ္တဌာနတွင်ပါဝင်သည့် မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်သည် သံဝေဇနိယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျန်ရှိသည့် သံဝေဇနိယ(၃)ဌာနကိုလည်း ယခုသတ္တဌာနအနီး ပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

သံဝေဇနိယလေးဌာန (သံဝေဂရစေတတ်သောဌာနလေးပါး)နှင့် ပတ်သက်၍ အရှင်အာနန္ဒာအား မြတ်စွာဘုရားမိန့်တော်မူပုံကို ဤနေရာတွင် ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော် ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ် မဟာဝဂ်ပါဠိတော်မှ ကောက်နုတ်ပူဇော်ဖော်ပြလိုပါသည်။

"ဤ(လုမ္ဗိနီ)ဌာနနှင့် မြတ်စွာဘုရားသည်ဖွားတော်မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကိုရတော် မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

ဤ(မိဂဒါဝုန်)ဌာန၌မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သောတရားတော် ဓမ္မစကြာကို ဟောကြားတော်မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည်



မဟာဗောဓိစေတီတော်ကြီးအား နေပြည်တော်-တပ်ကုန်း အမှတ်(၁) ကားလမ်းမှ ဖူးတွေ့ရပုံ။

ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

ဤ(ကုသိနာရုံ)ဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ အာနန္ဒာ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သောဌာနတို့သည် ဤလေးပါးတို့ပေတည်း။

အာနန္ဒာ သဒ္ဓါတရားရှိကုန်သော ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ဤ လေးဌာနတို့ကို (အောက်မေ့လျက်)လာရောက်ကုန်လတ္တံ့၊ အာနန္ဒာစေတီပုထိုးတို့ကို ဖူးမြော်ရန်သွားလာ လှည့်လည်သောသူတို့သည်ကြည်ညိုသောစိတ်ရှိလျက် သေကုန်ငြားအံ့၊ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့ဟု (မိန့်တော်မူ၏)။"

သို့ဖြစ်ရာ ကျန်ရှိသည့် သံဝေဇနိယ(၃)ဌာနကို ထပ်မံတည်ဆောက်ပြီးပါကလည်း ယခုကဲ့သို့ သဒ္ဓါတရား ပိုမိုထက်သန်စရာ၊ ကုသိုလ်တရား ပိုမိုပွားများနိုင်စရာအကြောင်း ဖြစ်ပေါ်ရဦးမည်ဖြစ်ပါသည်။

ဘုရားဖူးပြည်သူများအပန်းဖြေနိုင်ရန်အတွက် မဟာဗောဓိစေတီအနီးရှိ သပြေစမ်း ဆည်ပတ်လမ်းကို ကွန်ကရစ်ဖြင့် ဖောက်လုပ်ထားပြီး အရှည်ပေ ၆၈၀၀ ရှိပါသည်။ မြန်မာပြည်အနှံ့မှ ဘုရားဖူးများလာရောက်လျှင် တည်းခိုနိုင်ရန်အတွက် အမျိုးသားအိပ်ဆောင်တစ်ဆောင်နှင့်အမျိုးသမီးအိပ်ဆောင် နှစ်ဆောင်ကို တည်ဆောက်ပေးထားပါသည်။ ၎င်းအဆောင်များတွင် လေဝင်လေထွက်ကောင်းအောင် ပြတင်းပေါက်များကိုအောက်ခြေကြမ်းခင်းနှင့်တစ်ညီတည်းဖွင့်၍ရအောင် စီစဉ်ပေးထားပါသည်။ အိပ်ဆောင်အနီး မလှမ်းမကမ်းတွင် သန့်စင်ခန်းများကိုပုံမှန်ထက်သာလွန်ကောင်းမွန်အောင် ဆောက်လုပ်ပေးထားပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး ထိန်းသိမ်းလျက်ရှိပြီး ငွေကြေးသက်သာစွာဖြင့် စားသုံးနိုင်အောင် စားသောက်ဆိုင်ခန်းများကိုလည်း ရေရှည်အကျိုးရှိ ခိုင်ခံ့စေရန် စီမံတည်ဆောက်ပေးထားပါသည်။ ထပ်မံတိုးချဲ့ ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ စေတီတော်ပရဝဏ်အတွင်း ယာဉ်ရပ်နားရန်နေရာစီစဉ်ထားပြီး မြေယာရှုခင်းနှင့် ပန်းအလှပင်များ စိုက်ပျိုး၍ ပတ်ဝန်းကျင်သန့်ရှင်းရေးကိုစဉ်ဆက်မပြတ်တာဝန်ယူထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ဤနေရာသည် နေပြည်တော်-တပ်ကုန်းကားလမ်းတွင် တည်ရှိသည့်အတွက် မော်တော်ယာဉ်လိုင်းများရှိပြီးဖြစ်သော်လည်း နောက်ပိုင်းတွင် မော်တော်ယာဉ်များစီစဉ်ပေးရန်အစီအစဉ်ရှိကြောင်း သိရပါသည်။ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး အပိုင်းတွင်မူ သတ္တဌာနဘုရားနှင့်ပတ်သက်၍ ဂေါပက ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရားစခန်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကားလမ်းနှင့် ကပ်လျက်တွင် တရားပွဲနှင့်ဖျော်ဖြေပွဲပြုလုပ်နိုင်ရေး စင်မြင့်တစ်ခုတည်ဆောက်ပြီးဖြစ်ပါသည်။ ယခုမေလ ၂၄၊ ၂၅၊ ၂၆ တို့တွင် တရားပွဲများပြုလုပ်သွားမည်ဖြစ်ပြီး မေလ ၂၇၊ ၂၈ ရက်တို့တွင် မြတ်တီ အငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ပါသည်။ နောင်နှစ်များတွင်မှ နှစ်စဉ် ကဆုန်



စေတီတော်အနီး ယာဉ်ရပ်နားရန်နေရာနှင့် တရားစခန်းအား ဝေဟင်မှ မြင်တွေ့ရပုံ။



ရွှေထီးတော်တွင် ပူဇော်ရန် ဒေါ်မြင့်မြင့်၊ ဒေါ်စိန်ငွေး၊ ပါဝါမင်းစိုးမင်း မိသားစုက လှူဒါန်းသည့် ခန့်မှန်းငွေကျပ် ၃၉၃၄၅၀၀ တန်ဖိုးရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် ရတနာပစ္စည်းများကို တွေ့ရစဉ်။

လပြည့်နေ့တိုင်း ဘုရားပွဲပြုလုပ်မည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲ၊ ငါးလွှတ်ပွဲ၊ တရားပွဲနှင့်ဇာတ်ပွဲများပြုလုပ်ရန် လျာထားပါသည်။

တစ်နယ်တစ်ကျေးမှ လာရောက်ကြသည့် ဘုရားဖူးများကို မြင်တွေ့ရသည်မှာ လွန်စွာပီတိဖြစ်စရာဖြစ်ပါသည်။ ဗုဒ္ဓဂယာနှင့် တူသည်ဟု ပြောဆိုသံများကိုလည်း ဘုရားဖူးပြည်သူများထံမှ ကြားသိရသည့်အတွက် ကြည်နူးပီတိဖြစ်ရပါသည်။ မဟာဗောဓိစေတီထဲတွင် ပြခန်းပြသခြင်းအတွက် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

နေပြည်တော်ဗုဒ္ဓဂယာဟု အများခေါ်ဆိုသော သတ္တသတ္တာဟ မဟာဗောဓိစေတီတော် တည်ဆောက်ရေးလုပ်ငန်းများမပြီးမြောက်မီ အချိန်ကစတင်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်လျက်ရှိကြပါသည်။

ကုသိုလ်ကောင်းမှုဟူသည် အခွင့်အခါသာမှ ပြုခွင့်ရပါသည်။ ဆိုလိုရင်းမှာ ဘုရားရှင်၏သာသနာ နှင့်ကြုံ၊ စေတနာ၊ သဒ္ဓါတရားလည်းရှိ၊ ခေတ်ကာလကောင်း၊ အချိန်ကောင်း၊ အခါကောင်းမှ ပြုလုပ်နိုင်သည့်အမှုကိစ္စဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကဲ့သို့သော အခြေအနေကောင်း ရှိနေချိန်တွင် အခါအခွင့်သင့်သည့်အခါ နွေရာသီတွင်ဖွင့်လှစ်သည့်သတ္တသတ္တာဟ တရားစခန်းသို့လာရောက်အားထုတ်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။ သို့နည်းတူ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအပါအဝင် နေပြည်တော် သတ္တဌာနဆီသို့ ရောက်ဖြစ်အောင်၊ ဖူးဖြစ်အောင် ကြိုးစားလာရောက်ဖူးမြော်နိုင်ရန် စေတနာဖြင့် ဖိတ်ခေါ်တိုက်တွန်းလိုပါသည်။

**ဓမ္မမိတ်ဆွေများခင်ဗျား-**

လယ်တီဆရာတော်ကြီး ရေးသားတော်မူသည့် သတ္တဌာနဘုရာရှိခိုးလင်္ကာကို ပူဇော်ကြည်ညိုနိုင်စေရန် အလို့ငှာ အလျဉ်းသင့်၍ ဓမ္မဒါနအဖြစ် မျှဝေပေးလိုက်ပါရစေ။

**လယ်တီဆရာတော်ကြီးရေးသားတော်မူသည့် သတ္တဌာနဘုရားရှိခိုးလင်္ကာ**

ဘုန်းရောင်ထွန်းထိန်၊ စောမုနိန်။ ပညိန္ဒြေ၊ ခြွေရာမှန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေရောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှုပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစမွယ်သည်။ ဘုန်းကြွယ်လက်ဦးပွဲပေကို။

နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံ့မှ၊ ဒေသန်တူရှုရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစကျူ၊ စိမ်းစိမ်းရွှေရှုကျော်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်။ ကြည်လင်ညွတ်နူးဖွယ်ပေကို။

သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်။ တရားဆင်ခြင်လျက်ပေကို။

လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်။ ရောင်ရှင်ခြောက်ဖြာညီးလို့ကို။

ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗ္ဗာ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စမွယ်နေသည်။ ရှိသေမြတ်နိုးဖွယ်ပေကို။

ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညှိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ ပန်းမျိုးစုံသည်၊ မုစလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမွယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်တန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်။ ရှေးကျိုးသမ္ဘာတော်ကြောင့်ကို။

ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လက်ျာ၊ မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်ပင်၌၊ သဗ္ဗညုဖျား၊ ပျော်စံစားသည်။ ကြီးမားဉာဏ်တော် ဖွင့်လို့ကို။

ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာလျှင်၊ ဝန္ဒာနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုးသည်။ ကောင်းကျိုးခပ်သိမ်း ပြည့်စေသောဝ်။ ။

အချုပ်အားဖြင့်ဆိုရသော် ယခုအခါ ဥဒယရံသီကုန်းတော်၌ တည်ထားသည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ရွှေထီးတော်တင်လှူပွဲနှင့်ဘုရားအနေကဇာတင်ပွဲကို မေ ၂၄ ရက်(ယနေ့)တွင် ကျင်းပနိုင်ပြီဖြစ်ရာ စာရေးသူတို့ နိုင်ငံအတွက် ဂုဏ်ယူစရာဆုထူးကြီးကို ဆောင်ကြဉ်းပေးလိုက်နိုင်ခြင်းပင် ဖြစ်ပါသည်။ သို့အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကုသိုလ်ယူနိုင်ကြပြီ ဖြစ်ပါကြောင်း၊ ပြည်သူအပေါင်း စိတ်အေးချမ်းသာပြီး ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာပြီး မဟာမင်္ဂလာအပေါင်းနှင့် ခညောင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကုသိုလ်တရားပွားများနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ ကုသိုလ်စေတနာရှေ့ထားလျက် သတင်းကောင်း ပါးလိုက်ရကြောင်းပါ ခင်ဗျား။ ။

# သွန်းလောင်းညောင်ရေ မေတ္တာဝေ များတွေငြိမ်းချမ်းကြစေသော်

*မြူတာတကောင်း၊ ပသင်းတောင်းဝယ်*
*သွန်းလောင်းရေပြည့်၊ ဖြိုးမျှထည့်လျက်*
*ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို*
*ရှိသေသဘင်၊ ပွဲကြီးယင်၍*
*ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်*
*အခါညောင်ရေသွန်းတည့်လေး။*

**ဦးအောင်ကြီး**

## ပန်းတောင်းသန်းကြွယ်

ကဆုန်လသည် နွေရာသီ၏ ဗဟိုချက်မလယ်တွင်ကျသဖြင့် အလွန်ပူပြင်းသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဟူသော စကားအတိုင်းပုံမှန်ငြိမ်သက်၍ မနေနိုင်ဘဲဆွေ့ဆွေ့ခုန်နေရလုမတတ် အပူရှိန်ကလွန်ကဲသည်။ ထို့ကြောင့် မဟာအတုလမင်းကြီးက "နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖန်သူရိန်တေဇာကြောင့်၊ ပူဗျာကဲတဲ့လကိုလေး" ဟု စာဖွဲ့ခဲ့ပါသည်။

ကဆုန်လတွင် လေပြည်လေညင်းများ တိုက်ခတ်သည်။ ရွက်ဟောင်းကြွေရွက်သစ်ဝေသည်။ မြေသင်းနံ့ကလေးများနှင့်အတူ မင်းလွင်မြူခိုးတို့ တပြန့်ပြူးပြူးရှိတတ်သည်။ "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့" ဟူသော တောင်သူကြီးများ၏ စကားမှတ်တမ်းအတိုင်း တန်ခူးကုန်ပျောက်၊ ကဆုန်သို့ရောက်ချေပြီ။ မိုးမင်းကို အမွှံက မာန်ဟုန်တော်ပျိုးကာ ရိုက်မြည်ထစ်ချုန်းလာချေ၏။ ထို့ကြောင့်ပင် စာဆိုရှင် အသျှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင်-

"ကိန်းခန်းသင့်စေ၊ ရွက်ရင့်လျှော၍
ရွက်ကြောနုလှန်၊ ရွက်သစ်ပြန်တည့်
ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်
မြေသင်းနံ့နံ့၊ တပြန့်ပြူးပြူး ၊ မင်းလွင်မြူးလျက်
တန်ခူးလည်းကုန်၊ လကဆုန်သည်
ပဇ္ဇုန်ရိုက်မြည် ချုန်းချုန်းတည်း" ဟု ထည့်သွင်းစပ်ဆိုခဲ့သည်။

ကဆုန်လအမည်ကို ပုဂံခေတ်ကျောက်စာများတွင် ကုဆုန်ဟုအရေးများသည်။ ကဆုန်၊ ကုဆုန်တွင် ကနှင့်ကုတို့၏ အနက်မှာ ရေဖြစ်၍ ဆုန်၏အနက်မှာ သွန်းလောင်းသည်ဟု ဖြစ်သောကြောင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ကောက်ယူရာသည်။ ကုဆုန်၊ ကဆုန်ဟူသော ဝေါဟာရသည် အလွန်ရှေးကျသည်ဖြစ်ရာ မြန်မာနိုင်ငံသို့ သာသနာရောက်သည့်အချိန်မှစ၍ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းဓလေ့သည် တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့ဟန်တူလေသည်။

"တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု ဆိုခဲ့ကြသကဲ့သို့ နေ၏အပူချိန်ကြောင့် ရေများပင် ခန်းခြောက်လေ့ရှိသည်ဖြစ်ရာ သာယာအေးချမ်းစိမ်းလန်းစေလိုသော စေတနာဖြင့် မြတ်စွာဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကိုရည်မှန်း၍ ဗောဓိပင်အပွားတော်များကို တပျော်တပါး ရေသွန်းလောင်းကြကာ ကဆုန်ညောင်ရေသွန်းပွဲတော်များကို ကျင်းပကြခြင်းဖြစ်သည်။

ကဆုန်လသည် ပြိဿရာသီဖြစ်သည်။ ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ နေမင်းက ကြတ္တိကာ နက္ခတ်နှင့်ယှဉ်သည်။ ရာသီရုပ်မှာ နွားထီးရုပ်ပုံဖြစ်သည်။ တံငါတာရာထွန်းပသည်။ တချို့က ဆင်တာရာဟုလည်း အဆိုရှိသည်။

ကဆုန်လကား တော်ဝင်သောလဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓသာသနာ့ဝင်၊ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီးဖြစ်လေသည်။

"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့၊ မမေ့မှတ်ကာယူ" ဟူသည့် အတိုင်း

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူရရှိခြင်း။

၂။ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း။

၃။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ အရုဏ်တက်အချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်း။

၄။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတည်းဟူသော ထိုနေ့၏ ထူးခြားချက်ဂုဏ်ထူးဝိသေသများဖြင့် ထုံမွှမ်းပေးလျက်ရှိလေသည်။

ထိုကဲ့သို့ ဘုရားရှင်၏ ဖြစ်တော်စဉ်တွင် ထူးခြားသတ်မှတ်ထိုက်သော ဤကဆုန်လပြည့်နေ့အား ဘုရားနေ့ သို့မဟုတ် ဗုဒ္ဓအခါတော်နေ့အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကအထွတ်အမြတ်ထားကြသည်။ ဂေါတမဘုရားရှင်သည် ဤနေ့ဤအခါ၌ သဗ္ဗညုတရွှေဉာဏ်တော်ကိုရတော်မူရန် အားထုတ်ရာတွင် အမှီပြုတော်မူသော ဗောဓိပင်အား ရေစင်သွန်းလောင်းခြင်းပြု၍ ဘုရားရှင်အား ရည်စူးပူဇော်ကြသည်။

ဗောဓိပင်ဆိုသည်မှာ မြတ်စွာဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်သည်။ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ အမှီပြုပွင့်တော်မူရာ သစ်ပင်တို့မှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်သည်။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော နာမည်ထူးကိုရလေသည်။ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်လက်ထက်တွင် ကံ့ကော်ပင်၌ ပွင့်မည်ဟုဆိုလေရာ ထိုခေတ်ထိုအခါတွင် ကံ့ကော်ပင်သည် ဗောဓိပင်အမည်တွင်ပေလိမ့်မည်။ ဗုဒ္ဓဘာသာဓလေ့ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပကြခြင်းသည် နှစ်ဦးအစ ကဆုန်လတွင် လာလတ္တံ့သော တစ်နှစ်ပတ်လုံး ဘေးရန်ကင်း၍ ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြစေရန် ရည်သန်လျက် ကုသိုလ်ကောင်းမှုပြုကြခြင်းပင်ဖြစ်သည်။ ညောင်ပင်သည် လူတို့၏ စိတ်တွင် အခြားအပင်များထက် ပို၍ထူးကဲသောသဘောရှိသည်။ ထို့ကြောင့် ဘုရားရှင်မပွင့်မီ ရှေးပဝေသဏီကပင် ကဆုန်လပြည့်နေ့၌ ညောင်ပင်မှာရေသွန်းလောင်း၍ ညောင်ပင်စောင့် ရုက္ခစိုးနတ်အား ပူဇော်ပသကြကာ လိုရာဆုများ တောင်းကြသည်။ ဘုရားရှင်ပွင့်တော်မူလာပြီးနောက် နတ်ကိုပူဇော်ခြင်းမှ ဘုရားကို ပြောင်းလဲ၍ ပူဇော်ခြင်းဖြင့် ဗောဓိညောင်ပင်အား ရေစင်သွန်းလောင်းခဲ့ကြလေသည်။

"ဖွားမြင်၊ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်လပြည့်ကြုံ" ဟူသောစကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤလ၊ ဤနေ့၊ ဤရာသီတွင် ဖွားမြင်ခြင်း၊ ဗျာဒိတ်ခံခြင်း၊ ဘုရားအဖြစ်ကို ရောက်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း မဟုတ်ပေ။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ ဘုရားအဖြစ် ပွင့်တော်မူသောလ၊ ပရိနိဗ္ဗာန်ပြုတော်မူသောလ၊ ဗျာဒိတ်ခံတော်မူခဲ့ကြသောလမြတ်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်တို့၏ ထူးမြတ်သော အချက်လက္ခဏာများသည် ဤကဆုန် လပြည့်နေ့၌ ထပ်တူဖြစ်ကြလေသည်။ ထို့ကြောင့် ထူးခြားမွန်မြတ်လှသော ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် အစဉ်အလာကြီးမားသည့် ညောင်ရေသွန်းပွဲတော်များ ကျင်းပကာ သာယာချမ်းမြေ့စေကြောင်း၊ အောင်ရာအောင်ကြောင်း၊ ကောင်းကျိုးချမ်းသာများ ကြီးပွားတိုးတက်စေရန် ရရှိခံစားနိုင်ကြစေရန် ဆုတောင်းဆုယူပြုခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို စုဝေးပြုလုပ်ကြသည့် မြန်မာလူမျိုးတို့၏ ဗုဒ္ဓဘာသာဓလေ့စရိုက်မှာ နှစ်ခြိုက်မြတ်နိုးဖွယ်ဖြစ်ပါကြောင်း ဂုဏ်ပြုဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့




# ခရီးအန္တရာယ်မဖြစ်စေရေး နှိုးဆော်အသိပေးနေသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြစ်ကိုဖြတ်ကာ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းတို့ကြား ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲပေးနေသော ရေယာဉ်များတွင် ခရီးသည်များ အန္တရာယ်မဖြစ်စေရန် အသိပေးနှိုးဆော်မှုများ လုပ်ဆောင်နေသော်လည်း လိုက်နာမှုအားနည်းကာ ရေယာဉ်ဗောတံတားသို့ မကပ်မီ အတက်/အဆင်း လုပ်နေကြသည်ကို တွေ့ရှိရသည်။

အဆိုပါ ကူးတို့လမ်းတွင် ကျန်စစ်သား၊ အနော်ရထာ၊ တပင်ရွှေထီး၊ ထီးလှိုင်ရှင်စသော အမည်ရသည့် ရေယာဉ်များမှ နေ့စဉ်ရေယာဉ်နှစ်စီးက မြစ်ကမ်းတစ်ဖက်နှင့် တစ်ဖက်ကို အလှည့်ကျ ခေါက်တုံ့ခေါက်ပြန် ဝန်ဆောင်ပြေးဆွဲနေခြင်းပင်ဖြစ်သည်။

"ရေယာဉ်ထွက်ပြီဆိုတာနဲ့ ဆိပ်ကမ်းမခွာခင်မှာ တံခါးတွေကို ပိတ်လိုက်ပါတယ်။ ဆိပ်ကမ်းကပ်ရင်လည်း ဗောတံတားနဲ့ ကြိုးချည်ပြီးတော့မှ ခရီးသည်တွေတက်/ဆင်းဖို့ တံခါးတွေ ဖွင့်ပေးတာဖြစ်တဲ့အပြင် ရေယာဉ်မကပ်ခင်မှာ အတက်/အဆင်းမလုပ်ကြဖို့ကို အသိပေးနှိုးဆော်နေပါတယ်။ ဒီလိုနှိုးဆော်တဲ့ကြားထဲက လိုက်နာမှုမရှိတဲ့ ခရီးသည်တွေလည်းရှိတော့ အန္တရာယ်ဖြစ်မှာ စိုးရိမ်ပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ရေယာဉ်အတက်/အဆင်း တံခါးများကို ပိတ်လိုက်သော်လည်း ရေယာဉ်ကမ်းမှ စတင်ခွာနေစဉ်တွင် လည်းကောင်း၊ ကမ်းသို့ ဆိုက်ကပ်ရန် ကြိုးပမ်းလုပ်ဆောင်နေစဉ်ကာလတွင် လည်းကောင်း၊ ခုန်တက်၊ ခုန်ဆင်း ပြုလုပ်သူများမှာ တံခါးပိတ်ထားသည့်ကြားမှ လက်ရန်းများပေါ်မှ ကျော်တက်၍ ခုန်တက်၊ ခုန်ဆင်းပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

"ရေယာဉ်ကပ်နေတဲ့ အချိန်မှာ ခုန်ဆင်းလို့ ချော်ကျသွားရင် ရေယာဉ်နဲ့ ဗောတံတားကြား ညပ်မိပြီး အသက်အန္တရာယ်ကြုံလာနိုင်တယ်။ အတက်/အဆင်း တံခါးတွေလုပ်ရုံနဲ့ မလုံလောက်တော့ပါဘူး။ ဖြစ်နိုင်ရင် ရေယာဉ်အောက်ထပ်က လက်ရန်းတွေကနေ ကျော်မတက်ဖို့ သံဆန်ခါတွေကို အောက်ထပ်ဘေးနှစ်ဖက်မှာ ပြုလုပ်ထားသင့်ပါတယ်"ဟု နေ့စဉ်စီးနေသည့် ပုဂ္ဂိုလ်တစ်ဦးက အကြံပြုပြောကြားသည်။

ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံ့တေးမြို့နယ်များသို့ သွားရောက်ရာ ခရီးသည်တင် ရေယာဉ်လိုင်းများသည် ဒလမြို့ပေါ်တွင် အခြေပြုပြေးဆွဲခြင်းတို့ကြောင့် ပန်းဆိုးတန်း-ဒလ ကူးတို့ရေယာဉ်ကို အားပြုစီးသည့် ခရီးသည်များစွာ ရှိနေကြောင်း၊ နံနက်ပိုင်း ရုံးတက်ချိန်တွင် ဒလဘက်ကမ်းမှတက်သည့် ခရီးသည်ဦးရေက ပိုများပြီး ညနေပိုင်း ရုံးဆင်းချိန်တွင် ပန်းဆိုးတန်းဆိပ်ကမ်းဘက်မှတက်သည့် ခရီးသည်ဦးရေက ပိုများလျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**



# သတင်းအချက်အလက်များကို အများပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် ဖြစ်ပေါ်ပြောင်းလဲမှုများကို ပွင့်လင်းမြင်သာမှုဖြင့် ပြန်ကြားနိုင်စေရန် သတင်းထုတ်ပြန်ရေးအဖွဲ့များနှင့် အမေရိကန်ပညာရှင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၃

**ဥပဒေရေးရာ၊ ICT နည်းပညာနှင့် မီဒီယာဆွေးနွေးပွဲကို မေ ၂၂ ရက်နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမေရိကန်မှ မီဒီယာဥပဒေနှင့် လူထုဆက်ဆံရေး ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချခဲ့သည်။**



ဥပဒေရေးရာ ICT နည်းပညာနှင့် မီဒီယာဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမေရိကန်မှ မီဒီယာဥပဒေနှင့် လူထုဆက်ဆံရေး ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချကြစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနများရှိ သတင်းထုတ်ပြန်ရေး အဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် ဖြစ်ပေါ်ပြောင်းလဲမှုများကို ပွင့်လင်းမြင်သာမှုဖြင့် ပြန်ကြားနိုင်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရှိ သတင်းထုတ်ပြန်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အမေရိကန်ပညာရှင်များနှင့် ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် သတင်းမီဒီယာများနှင့် မည်သို့ ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည်များကို စာတွေ့လက်တွေ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန်အဖွဲ့မှ Winning Strategies ၏ ဥက္ကဋ္ဌ Jim Mc Queeny နှင့် မီဒီယာအကြံပေးပုဂ္ဂိုလ် Ms. Barbarar Swann တို့သည် ဝန်ကြီးဌာနများရှိ သတင်းထုတ်ပြန်ရေးအဖွဲ့များအနေဖြင့် သတင်းသမားများနှင့် တွေ့ဆုံရာတွင်လည်းကောင်း၊ ပြည်သူများအတွက် ဌာနဆိုင်ရာ



နယူးလိုက်အော့ဖ်မြန်မာ သတင်းစာမှ သတင်းအဖွဲ့ အမေရိကန်နိုင်ငံမှ ဥပဒေရေးရာ၊ ICT နည်းပညာနှင့် မီဒီယာကျွမ်းကျင်သူပညာရှင်နှစ်ဦးကို တွေ့ဆုံမေးမြန်းစဉ်။ (သတင်းစဉ်)

သတင်းများကို ပွင့်လင်းမြင်သာစွာ ပေးနိုင်ရန်အတွက် လည်းကောင်း၊ ဆောင်ရန်နှင့်ရှောင်ရန် နည်းလမ်းများကို လက်တွေ့သရုပ်ပြမှုအပါအဝင် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သတင်းထုတ်ပြန်ရေးနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသော ယခုတွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေး အဖွဲ့များနှင့် အဆင့်မြင့်အရာရှိကြီးများ အပါအဝင် စုစုပေါင်း ၁၄၆ ဦး တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသည်။

အလားတူ မေ ၂၃ ရက်မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အမေရိကန်ပညာရှင်များအဖွဲ့သည် မီဒီယာဥပဒေများရေးဆွဲရာတွင် ညှိနှိုင်းဆွေးနွေးရန် လိုအပ်ချက်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ အရာရှိကြီးများနှင့် ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် လူထုဆက်သွယ်ရေး နည်းပညာနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဆက်လက်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယခုကဲ့သို့ ဝန်ကြီးဌာနများမှ သတင်းထုတ်ပြန်ရေးအဖွဲ့များအတွက် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမှာ တတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အလားတူ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်နေ့ အထိ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနေစဉ်အတွင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာမှ သတင်းအဖွဲ့သည် အမေရိကန်နိုင်ငံမှ ဥပဒေရေးရာ၊ ICT နည်းပညာနှင့် မီဒီယာကျွမ်းကျင်သူ ပညာရှင်နှစ်ဦး ကို တွေ့ဆုံမေးမြန်းခဲ့သည်-

**မေး။ ။ ဆရာတို့ အခုလိုလာရောက်ပြီး ရှင်းလင်းဆွေးနွေးခဲ့တာကို ကျွန်တော်တို့ အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆီကို အခုလို ရောက်လာခဲ့ရတဲ့ အကြောင်းအရင်းကို ရှင်းပြစေချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော့်အမြင်မှာတော့ ဆက်သွယ်ရေးနဲ့ မီဒီယာတို့ဟာ ပြည်သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ပေးတဲ့နေရာမှာ အလွန်ပဲစွမ်းအားထက်ကြပါတယ်။ ပြည်သူလူထုတွေကို ပိုမိုကောင်းမွန်တဲ့ဘဝ၊ ပိုမိုကောင်းမွန်တဲ့ ပညာရေး၊ ကျန်းမာရေးတို့ ခံစားနိုင်ရန်အပြင် အခြားသူများအပေါ်မှာလည်း ပိုမိုနားလည်စေရန်ကူညီဆောင်ရွက်ပေးပါတယ်။ ဆက်သွယ်ရေးနည်းပညာကို အစိုးရအနေဖြင့် ပြည်သူလူထုကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုခွင့်ပေးနိုင်လျှင် ပြည်သူတို့မှာ အကျိုးကျေးဇူးများစွာရရှိနိုင်ပါတယ်။ ဒါ့ပြင် ခေတ်မီဆက်သွယ်ရေးသည် လူမှုပြဿနာများစွာကိုလည်း ဖြေရှင်းပေးနိုင်ပါတယ်။

**မေး။ ။ လျင်မြန်စွာ တိုးတက်ဖြစ်ပေါ်နေတဲ့ ICT နည်းပညာဟာ မီဒီယာအထူးသဖြင့် စာနယ်ဇင်းအပေါ်မှာ အကျိုးသက်ရောက်မှုနဲ့ အန္တရာယ်ဘယ်ဟာပိုများနိုင်ပါသလဲ။**

ဖြေ။ ။ အဓိကအချက်ကတော့ စာနယ်ဇင်းဆိုတာ ပြည်သူလူထုကို သတင်းအချက်အလက်ပေးပို့နိုင်ဖို့ပါပဲ။ ဘယ်လို နည်းနဲ့ပေးပို့တယ်ဆိုတာက အဓိကမကျပါဘူး။ သတင်းစာစက္ကူနဲ့ပဲပေးပေး၊ လက်ကိုင်တယ်လီဖုန်းနဲ့ပဲပေးပေး အဓိကကတော့ သတင်းဖြန့်ဝေဖို့ပါပဲ။ ပြည်သူတွေအလွယ်ကူဆုံး ဖတ်နိုင်၊ ရရှိနိုင်အောင် ပေးနိုင်တဲ့နည်းပညာကသာ အဓိကဖြစ်ပါတယ်။ စီးပွားရေးအရကြည့်ရင်တော့ အင်တာနက်ဆိုတာ ပုံနှိပ်သတင်းများအတွက် စိန်ခေါ်မှုကြီးပါပဲ။ ဒါပေမယ့် အဲဒီနည်းဟာ ပြည်သူတွေထံ သတင်းပို့ရာမှာတော့ များစွာ အားသာချက်တွေရှိပါတယ်။ နောက်ဆုံး အကြံပြုစာလေးပေးချင်ရင်တောင် သတင်းစာမှာဆိုရင် စာမျက်နှာကန့်သတ်ချက်တော့ရှိတယ်လေ။ အင်တာနက်မှာက ကြိုက်သလောက်ပေးလို့ရတယ်။ နေရာအကန့်အသတ်မရှိဘူး။ ဒါကတော့ အားသာချက်ပါပဲ။

ထို့ပြင် နယူးလိုက်အော့ဖ်မြန်မာ သတင်းအဖွဲ့သည် ပါဝင်ဆွေးနွေးခဲ့ကြသော ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူနှစ်ဦးဖြစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်နှင့် သမဝါယမဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့် အောင်တို့ကိုလည်းတွေ့ဆုံမေးမြန်းခဲ့သည်-

**ဦးသောင်းလွင် (ညွှန်ကြားရေးမှူး)**

ယခင်က အစိုးရအရာရှိကြီးများမှာ ကိုယ့်ဌာနသတင်းကို ကိုယ်ထုတ်ပြန်ဖို့အတွက် ဒါမှ မဟုတ်ရင် မီဒီယာနှင့် တွေ့ဆုံရန်ကို စိုးရွံ့ခဲ့ကြပါတယ်။ အခုလို ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပပြုလုပ်တဲ့ တွေ့ဆုံဆွေးနွေးပွဲများကြောင့် မိမိတို့လို ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များအနေနဲ့ ဆောင်ရန်နှင့်ရှောင်ရန်တို့ကို သိရှိနားလည်လာခဲ့ပါတယ်။ ပြည်သူလူထု သို့သတင်းသမားများမှတစ်ဆင့် ဌာနနဲ့ပတ်သက်သည့် ရှင်းလင်းတင်ပြချက်များ၊ အမိန့်ကြော်ငြာများ ထုတ်ပြန်ရန်အတွက် လိုအပ်သော အချက်အလက်နဲ့ ကိန်းဂဏန်းများကို ကြိုတင်စုဆောင်းထားရမယ်ဆိုတာကိုလည်း နားလည်ခဲ့ပါတယ်။

ဒါ့ပြင် မိမိတို့ဌာန၏ အားနည်းချက်များကို ထုတ်ဖော်နိုင်သလို ဌာနနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ သတင်းမှားများကိုလည်း တိကျခိုင်လုံတဲ့ မိမိတို့၏ သတင်းအချက်အလက်များနဲ့ ပြန်လည်ချေပနိုင်ပါတယ်။ အခုလို ဆွေးနွေးပွဲများဟာ ဌာနဆိုင်ရာပြောရေးဆိုခွင့်ရှိသူများအတွက် မီဒီယာကို ဘယ်ပုံဘယ်နည်းနဲ့ အကောင်းဆုံးတွေ့ဆုံနိုင်မည်ဆိုတာကို နားလည်သဘောပေါက်စေပါတယ်။

**ဦးမြင့်အောင်**
**(ဒုတိယညွှန်ကြားရေးမှူး)**

ယခုဆွေးနွေးပွဲမှာအဓိကတင်ဆက်သူ Jim Mc Queeny ဟာ သတင်းထောက်တစ်ယောက်အဖြစ် သာမက ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေဖြင့်ပါ တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့အတွေ့အကြုံများနဲ့ ဆွေးနွေးချက်များဟာ ကျွန်တော်တို့လို စာနယ်ဇင်းလောကနဲ့ စိမ်းနေသူများအတွက် အလွန်ကိုတန်ဖိုးရှိပါတယ်။ **(သတင်းစဉ်)**

## ဗုဒ္ဓဂယာမြတ်နေရာ

❖ နှိုင်းတုမမြင်၊
ရှင်တော်ဘုရား၊ ဟောကြားမိန့်မြွက်
ဓမ္မကြွံပေါင်း၊ ရှစ်သောင်းလေးထောင်
မြားမြောင်ထွေထွေ မြတ်အဓမ္မ။

❖ မြတ်ဘုရား၏၊
ကြီးမားမေတ္တာ၊ မွန်မြတ်ပါ၍
ဘယ်ဟာ ဓမ္မ၊ အဓမ္မဟု
ညွှန်ပြပိုင်းခြား၊ ကွဲပြားထင်ထင်
အမြင်မခေါင်း၊ လမ်းကြောင်းမှန်ရာ
သတ္တဝါများ ရခဲ့ပြီ။

❖ ဤယနေ့
ချမ်းမြေ့ပွယ်ကြုံ၊ လကဆုန်ဝယ်
လှူဘုံလောက၊ ထင်ကရပင်
ဗုဒ္ဓပွင့်ထွန်း၊ လပြည့်ဝန်းနှင့်
တင့်ရွှန်းကျက်သရေ ဖြိုးဖြိုးဝေ။

❖ ကဆုန်လပြည့်၊
ထူးသည့်နေ့မြတ် ထိုအရပ်ကို
ဦးညွှတ်လို့သာ၊ မှန်းဆကာဖြင့်
နေလာသမျှ၊ ငါ့ဘဝလည်း
ခုမှ ပြည့်စုံနေသလို။

❖ ဗုဒ္ဓဂယာ၊
နာမအမည်၊ ထူးတလည်ပင်
ဖြစ်တည်ထွန်းပေါ်၊ နေပြည်တော်ဝယ်
ဖူးမျှော်မဝ၊ ထူးလေခွဟု
ဆန္ဒဖြစ်ပွား၊ ငါ့အလားပင်
အများသူငါ စိတ်ကြည်သာ
ဗုဒ္ဓဂယာမြတ်နေရာ။ ။

ဖိုလေးလုံးသောင်းကိုကို

## ဘားအံမြို့နှင့် မော်လမြိုင်မြို့တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကို ရှိုးရှိုးတီဗွီအင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်

နေပြည်တော် မေ ၂၃

ယခုအခါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-4 ရုပ်သံလိုင်းကို (Free To Air) စနစ်ဖြင့်ပါ အများပြည်သူ လွယ်ကူစွာဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်ပေးလျက်ရှိပါသည်။

MRTV-4 (Free To Air) ရုပ်သံလိုင်းကို ဘားအံမြို့နှင့်အနီးတစ်ဝိုက်တွင် UHF လိုင်းနံပါတ် CH-20 (512-518 MHz) ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF လိုင်းနံပါတ် CH-13(470-476 MHz) ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် ရိုးရိုး UHF အင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေး ကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကိုအကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင်ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှုမများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်းတွင် DCP (Dry Chemical Power Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများဆောင်ထားခြင်းဖြင့် အမြန်ဆုံးမီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**



အမေရိကန်

(သတင်းစဉ်)

နိုင်ရန်အတွက်
ဉ် လမ်းကြောင်း
က်အကျဖြစ်စဉ်
ကမ္ဘာပြိုဟ်မှ
တွန်းထုတ်နေ

အရ ကမ္ဘာမြေ
ခာင် ပြုလုပ်နေ
န်တစ်သမုဒ္ဒရာ
ခင်းသမုဒ္ဒရာ၏
၅၀ ကာလက
င်း၊ ယင်းသို့
ခရန် တစ်ရက်
သော လှိုင်းလုံး
ဖြစ်ပေါ်စေခြင်း
းရှိ တည်မြဲနေ
က်စေကြောင်း၊
းရာသို့ နှစ်စဉ်
သည်။



(နေပြည်တော်)

စိုက်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်လွှတ်တော်ခေါင်းဆောင်များနှင့် တွေ့ဆုံ
# မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည့် ပိတ်ဆို့မှုများပြေလျှော့ပေးရန်ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ ကွန်ဂရက်လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ လွှတ်တော်အဆောက်အအုံ(Capitol Hill) ၌ အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Ms. Nancy Pelosi ဦးဆောင်သော အောက်လွှတ်တော်ခေါင်းဆောင် များနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကွန်ဂရက်လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အလားတူ နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီခွဲတွင် အထက်လွှတ်တော်ဥက္ကဋ္ဌ Mr. Harry Reid ဦးဆောင်သည့် အထက်လွှတ်တော်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ရရှိပြီးအောင်မြင်မှုများနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည့် ပိတ်ဆို့မှုများကို အဆင့်ဆင့်ဖြေလျှော့ပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

အမေရိကန်လွှတ်တော်ခေါင်းဆောင်များကလည်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အသိအမှတ်ပြု ပြောကြားခဲ့ကြပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် သင့်သည့်အချက်များကို အပြုသဘောဖြင့် ပွင့်ပွင့်လင်းလင်းအကြံပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမေရိကန်ပြည်ထောင်စုခရီးစဉ်အတွင်း မြန်မာ-အမေရိကန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့

နေပြည်တော် မေ ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။**



ပထမစာချုပ်မှာ မေ ၂၁ ရက် ဒေသစံတော်ချိန်နံနက် ၉ နာရီတွင် ဝါရှင်တန်မြို့ရှိ အမေရိကန် ကုန်သွယ်ရေးဆိုင်ရာကိုယ်စားလှယ်ရုံး၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အမေရိကန် ကုန်သွယ်ရေးဆိုင်ရာကိုယ်စားလှယ်ရုံး ယာယီအကြီးအကဲ Mr. Demetrious J. Marantis တို့ချုပ်ဆိုခဲ့သည့် မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင်သဘောတူညီချက် (Trade and Investment Framework Agreement Between Government of Myanmar and Government of United States - TIFA ) ဖြစ်သည်။

ထို့နောက် ဝါရှင်တန်မြို့ရှိ ပင်လယ်ရပ်ခြားပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (Overseas Private Investment Corporation-OPIC) ရုံး၌ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် အဆိုပါ OPIC ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mrs. Elizabeth L. Littlefield တို့က မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးဆိုင်ရာ သဘောတူစာချုပ် (Investment Incentive Agreement Between Government of Myanmar and Government of United States-IIA)ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။**(အပေါ်ပုံ)**

သဘောတူစာချုပ်များ ချုပ်ဆိုခဲ့မှုနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းအား မေးမြန်းခဲ့ရာ ပထမစာချုပ်အရ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း၊ ဒုတိယစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်လည်း မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အသေးစားငွေကြေးလုပ်ငန်းကဏ္ဍ၊ ငွေကြေးဆိုင်ရာ အခြေခံအဆောက်အအုံများကဏ္ဍ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကဏ္ဍတို့ အပါအဝင် ကဏ္ဍများစွာတွင် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူးဒေါ်ခိုင်ခိုင်နွယ်အား စာချုပ်များနှင့်ပတ်သက်၍ ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို မေးမြန်းခဲ့ရာ "အရင်ကတော့ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုတွေ ဖြေလျှော့ပေးလိုက်တာပဲ လူတွေသိကြတယ်။ ရှေ့ဆက် ဘာလုပ်မလဲ၊ မြန်မာနဲ့ ပူးပေါင်းဆောင်ရွက်မလားဆိုတာကို မြန်မာပုဂ္ဂလိကလုပ်ငန်းရှင်တွေက သို့လော၊ သို့လောဖြစ်နေကြပါတယ်၊ ခုတော့ ဒီစာချုပ်တွေချုပ်နိုင်ပြီဖြစ်တဲ့အတွက် ရှင်းသွားပါပြီ။ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မယ်ဆိုတာကို အခိုင်အမာသက်သေပြလိုက်တာပါပဲ၊ မြန်မာလုပ်ငန်းရှင်တွေအတွက် အလွန်အားရှိစေပါတယ်။ အဲဒီလိုပါပဲ၊ အမေရိကန်လုပ်ငန်းရှင်တွေ အနေနဲ့လည်း မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် တိကျရှင်းလင်းတဲ့ အဖြေတစ်ခုရလိုက်ပြီလို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်မတို့ ကုန်သည်စက်မှုအသင်းချုပ်နဲ့ အမေရိကန်ကုန်သည်ကြီးများအသင်းနဲ့က ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ကတည်းက ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးချဲ့ဖို့နဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးဖို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။ ဒါကပုဂ္ဂလိကချင်းကဏ္ဍပါ။ ခုတော့အစိုးရအချင်းချင်းလည်း သဘောတူညီချက် ရပြီဆိုတော့ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအောင် ကတိကဝတ်ပြုလိုက်ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်" ဟု ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

● **မဟာရန်ကုန်မှ**

မြို့လယ်စီးပွားရေးဇုန်မှ ခွဲထွက်၍ စီးပွားရေးဆောင်ရွက်နိုင်ရန် ဈေးဆိုင်များ၊ ဈေးဝယ် အရောင်းစင်တာများ၊ ကုမ္ပဏီရုံးခန်းများ၊ ဈေးနေခန်းများ ပါဝင်သည့် ခေတ်မီအဆောက်အအုံများဆောက်လုပ်သင့်သည်ဟု ယင်းပုံစံအရပါဝင်သည်။ယင်းပုံစံ၏ စီးပွားရေးဇုန်အသစ်သည် မြို့လယ်မှ ၁၀ ကီလိုမီတာ၊ ၁၅ ကီလိုမီတာ အကွာအဝေးအဝင်းအတွင်း ဖြစ်စေပြီး ယင်းအဝင်းပတ်လမ်းအား မြို့လယ်မှခွဲထွက်သော စီးပွားရေးဖွံ့ဖြိုးမှုပတ်လမ်းဟု ခေါ်ဆိုလိုသည်။ အဆိုပါ ပတ်လမ်းပြင်ပတွင် ဈေးကွက်လိုအပ်ချက်အရ ကန့်သတ်မှုမရှိသည့် မြို့ပြဖွံ့ဖြိုးမှုဖြစ်ထွန်းလာမည် ဖြစ်ပြီး အင်းလျားကန်နှင့်လှော်ကားကန်ကဲ့သို့ စိမ်းလန်းမြေများအား ထိန်းသိမ်းထားရန်ပါဝင်သည်။

မြို့ပြပုံစံ(၂)သည် စိမ်းလန်းမြေပါဝင်သည့် မြို့လယ်ဗဟိုပြုဖွံ့ဖြိုးမှုပုံစံ (Sub-Center with Green Isle System)အဖြစ် ပုံစံ(၁)နှင့်ဆင်တူပြီး အချို့နေရာများတွင် ဗဟိုစီးပွားရေးဇုန်မှ ၁၀-၁၅ ကီလိုမီတာအဝင်းရှိ ပတ်လမ်းတွင်ရှိသည်။ အဆိုပါပုံစံသည် မြို့ပြချဲ့ထွင်မှုကို စိမ်းလန်းသောအပြင်ပတ်လမ်းနှင့် သိပ်သည်းမှုနည်းပါးပြီး လျှပ်စစ်မီးနှင့် မြို့ပြအခြေခံအဆောက်အအုံများပြည့်စုံပါဝင်အောင်ပြုလုပ်ရမည်ဖြစ်သည်။ ထို့ကြောင့် မြို့ပြစီမံခန့်ခွဲမှု စွမ်းဆောင်ရည်နှင့် လိုအပ်သော စည်းမျဉ်းများနှင့်အခြားပုံစံများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး အပြင်ပတ်လမ်းပုံစံသည် အနာဂတ်တွင် ယင်းပတ်လမ်းတစ်လျှောက် ပေါ်ပေါက်လာမည့် စီးပွားရေးဆောင်ရွက်မည့်နေရာများအား ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ပတ်လမ်းအားတိုးတက်မှုပတ်လမ်းဟု ခေါ်ဆိုနိုင်ပြီး စိမ်းလန်းနယ်မြေအဖြစ်ထုတ်လုပ်မှုမြင့်မားသော လယ်မြေများပါဝင်ကာ မြို့နေပြည်သူများနေထိုင်သော ပတ်ဝန်းကျင်ရှိမြေများလည်း ပါဝင်မည်ဖြစ်သည်။

မြို့ပြပုံစံ(၃)သည် မြို့လယ်ဗဟိုစီးပွားရေးဇုန်တစ်ခုတည်းအား ဗဟိုပြုပုံစံ(Super CBD Single-Core System)အဖြစ် မြို့ပြ၏ ဈေးကွက်လိုအပ်ချက်အရ သဘာဝအလျောက် ပေါ်ပေါက်လာသည့် ပုံစံဖြစ်သည်။ အဆိုပါပုံစံသည် အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) အစရှိသည့် အဓိကလမ်းမကြီးတစ်လျှောက်တွင် ဖြစ်ပေါ်နိုင်ပြီး မြို့ပြပုံရိပ်လှုပ်ရှားမှုများသည် လက်ရှိဗဟိုစီးပွားရေးဇုန်တစ်လျှောက်တွင်သာ ဗဟိုပြုနေခြင်းဖြစ်သည်။ ယင်းပုံစံသည် ဗဟိုစီးပွားရေးဇုန်ကိုသာ ပိုမိုချဲ့ထွင်ကြီးမားစေပြီး ကြီးမားသောဗဟိုစီးပွားရေးဇုန်ဖြစ်စေနိုင်၍ တစ်နည်းအားဖြင့်မြို့ပြခွဲထွက်ဖွံ့ဖြိုးမှုသည် အနိမ့်ဆုံးသာဖြစ်နိုင်ရာ စိမ်းလန်းနယ်မြေနှင့် လယ်ယာမြေများထိန်းသိမ်းမှုသည် အနည်းငယ်သာဖြစ်နိုင်မည်။ မြို့၏အဓိကလမ်းတစ်လျှောက် မြို့ပြဈေးကွက် လိုအပ်ချက်အား လျော့နည်းစေနိုင်ပြီး မြို့ပြပုံစံ(၃)သည် အခြားပုံစံများနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှု စရိတ်လျော့နည်းစေသော်လည်း ဈေးကွက်လိုအပ်ချက် အနည်းငယ်မျှသာရှိနိုင်မည်ဖြစ်သည်။

မြို့ပြဖွံ့ဖြိုးမှုပုံစံ သုံးခုအားနှိုင်းယှဉ်၍ ယာဉ်သွားလာမှုအခြေအနေနှင့် လမ်းခရီးကြာချိန်၊ ပတ်ဝန်းကျင်ဆိုင်ရာ စဉ်းစားရန်အချက်များ၊ ကုန်ကျစရိတ်ဆိုင်ရာနှင့် မြို့ပြအုပ်ချုပ်မှုစွမ်းရည်တို့အားနှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။

နှိုင်းယှဉ်လေ့လာမှုအရ ပုံစံ(၁)သည် မြို့ပြအသွင်သဏ္ဌာန်များအား မြို့သစ်များသို့ပြောင်းရွှေ့ဖန်တီးပေးရန်နှင့် မြို့ပြအဆောက်အအုံများတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံစရိတ်များလိုအပ်ခြင်း၊ မြို့ပြအုပ်ချုပ်ရေးစွမ်းရည်နှင့် ဥပဒေစနစ်များမှာ ယခုထက် ပိုမိုလိုအပ်ခြင်း၊ ပုံစံ(၃)သည် ဧရိယာပတ်ဝန်းကျင်၌ ကြီးမားသော ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ ဖြစ်ပေါ်စေနိုင်ပြီး ခရီးရှည်၍ အချိန်ကြာစေခြင်းကြောင့် အလွန်ဆိုးသည့် စနစ်ဖြစ်ခြင်း စသည်တို့ကို လေ့လာတွေ့ရှိထားခြင်းဖြစ်သည်။

ပုံစံ(၂)သည် စိမ်းလန်းမြေပါဝင်သည့် မြို့လယ်ဗဟိုပြုဖွံ့ဖြိုးမှုပုံစံအား ဦးစားပေးဆောင်ရွက်ပါက ကောင်းမွန်နိုင်ပြီး မြို့နေပြည်သူများအတွက် ပိုမိုကောင်းမွန်သော နေထိုင်မှုစနစ်တွင် စိမ်းလန်းသောပတ်ဝန်းကျင်နှင့် သက်ဆိုင်သည်များအား ဦးစားပေးဆောင်ရွက်နိုင်ပါက လွန်စွာကောင်းမွန်မည်ဖြစ်ကြောင်း မြို့ပြဖွံ့ဖြိုးမှုပုံစံသုံးခုနှိုင်းယှဉ်ချက်တွင် ဖော်ပြထားသည်။

❑ **လာလည်ခဲ့ပါမှ**

ရေလမ်းကြောင်း၊ ငါးဖယ်ချောင်း ကျေးရွာသို့သွားသည့်ရေလမ်းကြောင်းတွင် ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်၊ သောင်တူးစက်များဖြင့် နုန်းဆယ်တင်ခြင်း၊ ရေလမ်းကြောင်းများတူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ မြေတူးစက် တစ်စီး၊ ရေတိမ်သုံးမြေတူးစက်တစ်စီး၊ မြေသယ်ယာဉ်ငါးစီး ထပ်မံပံ့ပိုးမှုဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်အတွင်းသို့စီးဝင်သည့် ချောင်းများမှ နုန်းများကိုကန်အတွင်းဝင်ရောက်ပြီးမှ ဆယ်တင်သည်ထက် မဝင်ရောက်ခင်က လုပ်ဆောင်ခြင်းသည် ပိုမိုသင့်လျော်သည့်အတွက် ယခင်ကနုန်းဖမ်းဆည် ၂၃၃ ခုကို တည်ဆောက်ခဲ့ရာ ယခုအခါ နုန်းဖမ်းဆည် ၁၀ ခုကိုထပ်မံတည်ဆောက်နေသည်။ ယခုရက်ပိုင်းအတွင်း မဟာစင်မုန်တိုင်းအရှိန်ကြောင့် လည်းကောင်း၊ မုတ်သုံရာသီဝင်ရောက်လာပြီဖြစ်၍ မိုးရွာသွန်းမှုကြောင့် အင်းလေးကန် ရေမျက်နှာပြင်သည် ရေအမြင့် -၁ ဒသမ ၅ ပေအထိ မြင့်တက်ခဲ့ပြီး ဖောင်တော်ဦးဘုရားတွင် ရေမျက်နှာပြင်မှာ ယခင်လကထက် ခြောက်လက်မခန့်မြင့်တက်လာခဲ့ကြောင်း ဒေသခံများကပြောကြားကြသည်။ မိုးရွာသွန်းမှုကြောင့် အင်းတိန်ချောင်း (အထက်ဘီလူးချောင်း)နှင့် သန်းတောင်ချောင်း (ကလောချောင်း)တို့တွင် ရေများပိုမိုဝင်ရောက်စီးဆင်းလာခဲ့သည်။ ရေလမ်းကြောင်းတူးဖော်ရာတွင် ငါးဖယ်ချောင်းရေလမ်းကြောင်း ၇၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရားမှ အလိုတော်ပေါက်ဘုရားသို့ သွားသည့်ရေလမ်းကြောင်း ၄၀ ရာခိုင်နှုန်းတူးဖော်ပြီးစီးပြီး ကျန်ရှိသည့်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဟဲယာရွာမရေလမ်းကြောင်းတွင်မူ သွားလာမှုများအဆင်ပြေလျက်ရှိပြီး ယင်းရေလမ်းကြောင်းကို ရေအနက်လေးပေရရှိစေရန် ဆက်လက်တူးဖော်လျက်ရှိသည်။

သို့ပါ၍ အင်းလေးဒေသသို့ အလည်အပတ်လာရောက်ကြမည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးမိဘပြည်သူများ၊ ပြည်ပဧည့်သည်များအနေဖြင့် စိတ်ကြောင့်ကြမှုတစ်စုံတစ်ရာမရှိဘဲ အင်းလေးဒေသဘုရားများနှင့် သဘာဝပတ်ဝန်းကျင်များအား လာရောက်ရှုစားနိုင်ပါကြောင်း ထပ်မံဖိတ်ခေါ်ရပါသည်။ ॥

# ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ မြန်ဆန် အစိုးရသစ်တာဝန်ယူပြီးနောက် ပြောင်းလဲမှုသည် များစွာအားတက်စရာဖြစ်

အမေး/အရေး-သတင်းလုလင် ➤ ဓာတ်ပုံ(သတင်းစဉ်)

(ယမန်နေ့မှအဆက်)

**ဒုတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတကာ မီဒီယာအဖွဲ့အစည်းများ၊ နိုင်ငံခြားသတင်းဌာနများ၊ ပြည်တွင်းမီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများက မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာဆွေးနွေးခဲ့ကြသည်။ မိမိတို့သတင်းအဖွဲ့သည် ညီလာခံကျင်းပရာ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်သို့ သွားရောက်ကာ သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ပြီး အများပြည်သူသိရှိနိုင်ရန် ဆက်လက်တင်ပြလိုက်ရပါသည်။**

**ဦးကျော်ကျော်သိန်း**
**သတင်းထောက်**
**အမေရိကန်အသံ(VOA)မြန်မာပိုင်းအစီအစဉ်**

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံနှင့် ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားရာတွင်-

ယခုကဲ့သို့သော ညီလာခံတွေဟာ သိပ်ကောင်းပါတယ်။ ဒီလိုပွဲမျိုးတွေ များများလုပ်သင့်ပါတယ်။ သတင်းသမားတွေလည်း များများတက်သင့်သလို တာဝန်ရှိသူတွေလည်း ဒီထက်ပိုလာပြီး ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းအားဖြင့် သတင်းမီဒီယာရဲ့ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုတွေပိုပြီးတော့ ထင်ရှားလာမယ်လို့ ကျွန်တော်ရှုမြင်ပါတယ်။ သတင်းသမားတွေရဲ့ အရည်အသွေးတွေလည်း ဒီလိုပွဲမျိုးတွေကနေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ပွဲစီစဉ်တဲ့သူတွေ၊ နိုင်ငံတကာက ပံ့ပိုးတဲ့လူတွေ ဒီလူတွေအနေနဲ့လည်း တကယ်ပဲစေတနာကောင်းကောင်း၊ စေတနာမှန်မှန်နဲ့ ရိုးရိုးသားသားလုပ်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ သူတို့ရဲ့ပံ့ပိုးကူညီမှုနဲ့ မြန်မာသတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ အကောင်းဘက်က မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံ၌ မီဒီယာပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်နေခြင်းနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ အကောင်အထည်ဖော်ဆောင်နေဆဲအဆင့်မှာပဲ ရှိနေသေးတယ်။ မြန်မာနိုင်ငံမှာ ဒီလုပ်ငန်းစဉ်ဟာ ဘယ်တော့မှပြီးသွားမှာ မဟုတ်ဘူး။ လက်ရှိအဆင့်မှာလုပ်စရာတွေ အများကြီး ကျန်သေးတယ်။ လိုသေးတယ်။ ဒီထက်အားစိုက်ပြီးတော့ ဒီထက်ပိုပြီးအရှိန်ကောင်းကောင်းနဲ့လုပ်ဖို့ လိုအပ်တာတွေလည်း ရှိနေသေးတယ်။ အားရကျေနပ်ဖွယ် အဆင့်အထိရောက်လာဖို့ လမ်းကြောင်းပေါ် ရောက်နေပြီလို့တော့ ကျွန်တော်ရှုမြင်ပါတယ်။

သတင်းထောက်များ၏ သတင်းရယူစုဆောင်းသည့်လုပ်ငန်းစဉ်တွင် သတင်းသမားများတွေ့ကြုံရတတ်သည့် အခက်အခဲများနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

လွန်ခဲ့တဲ့ ၁၀ နှစ် ဟိုဘက်ပိုင်းထက်စာရင် အစိုးရတာဝန်ရှိသူတွေကို မေးမြန်းနိုင်ခွင့်၊ သူတို့ဆီက သတင်းအချက်အလက်တွေ ရယူခွင့်အနေနဲ့ အများကြီးတိုးတက်လာပါတယ်။ ဒါပေမယ့် လွတ်လပ်စွာသတင်းရယူခွင့် အနေနဲ့ ပြည်တွင်းမီဒီယာလောကသားတွေ ရင်ဆိုင်နေရသလို ကျွန်တော်လည်း ရင်ဆိုင်နေရပါတယ်။ သတင်းတစ်ခုဖြစ်တယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘက်နှစ်ဖက်မျှအောင်တင်ပြနိုင်ဖို့ ကြိုးပမ်းတဲ့အခါမှာ ဘက်တစ်ဖက်ကိုသာရပြီးတော့ ဘက်တစ်ဖက်ကိုတော့ အလွယ်တကူမရတဲ့အခြေအနေမျိုးတွေ ဒီနေ့အထိ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေကို ကျော်လွှားလွန်မြောက်အောင်လုပ်ဖို့ လိုပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ တစ်ဖက်က ပြောစကားနဲ့ပဲ တစ်ဖက်စောင်းနင်းထွက်သွားတဲ့ သတင်းမျိုးကို မလိုချင်ပါနဲ့။ ကိုယ့်ဘက်ရဲ့ ရပ်တည်ချက်ကိုလည်း ပြောပြီးတော့ သတင်းကိုဘက်မျှအောင် ကြိုးစားပေးကြစေချင်ပါတယ်။ အဲဒီလိုကြိုးစားပေးမယ်လို့လည်း ပြောကြတာတွေကို ကျွန်တော်ကြားရပါတယ်။

သတင်းလွတ်လပ်စွာ ရယူခွင့်ရှိရေးနဲ့ပတ်သက်လို့ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

လျှို့ဝှက်အဆင့် သတင်းအချက်အလက်ဆိုရင် သတင်းသမားတွေအနေနဲ့ ရေးသားထုတ်ပြန်ခွင့်မရပါဘူး။ အစိုးရအနေနဲ့ သတင်းအချက်အလက်တစ်ခုကို လောလောဆယ်မှာ လျှို့ဝှက်အဆင့် သတ်မှတ်ထားရင် ရေးသားခွင့်မရှိပါဘူး။ ဒါပေမယ့် အနောက်နိုင်ငံမှာ လျှို့ဝှက်အဆင့် သတင်းအချက်အလက်နဲ့ ပတ်သက်လို့ နှစ်အကန့်အသတ်ရှိပါတယ်။ သတင်းအချက်အလက်တစ်ခုကို အချိန်အခါ အခြေအနေတစ်ခုသို့ ရောက်တဲ့အခါကျရင် တာဝန်ရှိသူတွေက ထုတ်ပြန်ပေးရပါတယ်။ Freedom of Information Act ဆိုတာကို ဥပဒေအရ ပြဋ္ဌာန်းပေးထားပါတယ်။ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ဥပဒေပါ။ အဲဒီဥပဒေအရ သတင်းသမားတွေအနေနဲ့ အစိုးရနဲ့ပတ်သက်နေတဲ့ သတင်းအချက်အလက်တစ်ခုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေဆီက တောင်းလို့ရတယ်။ တောင်းရင်လည်း လျှို့ဝှက်အဆင့်လို့ မသတ်မှတ်တော့ရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက ထုတ်ပေးရတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဆိုတာ ရှိပါတယ်။ လျှို့ဝှက်ချက်ဥပဒေကို ကိုင်စွဲပြီးတော့ သတင်းရယူခွင့်၊ လွတ်လပ်စွာသတင်းစုဆောင်းခွင့်ကို မထိခိုက်စေသင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ လျှို့ဝှက်အဆင့်ဖြစ်ခဲ့တဲ့တိုင်အောင် ကာလအတိုင်းအတာတစ်ခုအထိ ရောက်တဲ့အခါ အဆင့်လိုက်သတ်မှတ်ပေးပြီးတော့ ထုတ်ပြန်ပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ပုံနှိပ်မီဒီယာ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြား သတင်းသမားတွေအနေနဲ့ သတင်းရယူနိုင်ဖို့ စီစဉ်ပေးတာ လောလောဆယ်မှာ အားနည်းနေတာကိုတွေ့ရတယ်။



**Mr. Mikael Hemniti Winther**
**မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး။**

ဥပမာ-သတင်းသမားတွေအတွက် နေရာသတ်သတ်မှတ်မှတ် မရှိတာကြောင့် ရှေ့ဆုံးစင်ကြီးပေါ် တက်ပြီး သတင်းရယူနေရတယ်။ အဲဒီတော့ နောက်ကပရိသတ်က သူတို့ရဲ့ ကျောပြင်ကို ကြည့်နေရသလို ဖြစ်နေတယ်။ တလောက အမျိုးသားကဇာတ်ရုံမှာ သတင်းယူခဲ့တုန်းက သတင်းသမားတွေဟာ စင်မြင့်ပေါ်မှာ ပြောတဲ့သူရဲ့ ရှေ့မှာ ပိတ်ပြီးတော့ကာနေတော့ ပရိသတ်အနေနဲ့ ပြောတဲ့သူကို မမြင်ရဘူး။ ကျွန်တော် အကြံပေးချင်တာက စီစဉ်သူတွေ၊ တာဝန်ရှိသူတွေအနေနဲ့ သတင်းသမားတွေ သတင်းယူဖို့ လွယ်ကူစေမယ့်၊ ပြည့်စုံကောင်းမွန်စေမယ့် အခင်းအကျင်းမျိုး ဘယ်လိုပွဲမျိုးမှာမဆို ဖန်တီးပေးစေချင်ပါတယ်။

ရေဒီယိုသတင်းသမားတို့၊ တီဗွီသတင်းသမားတို့အတွက် အသံဖမ်းဖို့လိုအပ်တဲ့ လူတွေအားလုံးအတွက် စက်တွေကနေတစ်ဆင့် အသံဖမ်းတဲ့စနစ်တွေ ပေါ်လာစေဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ အဲဒီလိုပေါ်လာအောင်လည်း လုပ်ပေးကြဖို့ ကျွန်တော်တိုက်တွန်းပါတယ်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိက အသံလွှင့်မီဒီယာ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏ ရှုမြင်ချက်ကို ဆက်လက်ညွှန်းဆိုရာတွင်-

မြန်မာနိုင်ငံမှာ အရင်တုန်းက နိုင်ငံပိုင်အနေနဲ့သာရှိခဲ့တဲ့ အသံလွှင့် မီဒီယာလုပ်ငန်းကို အခုအခါမှာ ပုဂ္ဂလိကကဏ္ဍကို ဖွင့်ပေးလိုက်တာဟာ အင်မတန်ကောင်းမွန်ပါတယ်။ အသံလွှင့် မီဒီယာလုပ်ငန်းမှာ လူငယ်တွေဟာလည်း ကြိုးစားနေကြတာကို အားရကျေနပ်မိပါတယ်။

ဒါပေမယ့် ကျွန်တော် အားမရမိတဲ့အချက်တစ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ အသံလွှင့် မီဒီယာလုပ်ငန်းမှာ သတင်းတင်ဆက်ပုံ၊ သတင်းထုတ်လွှင့်ပုံတို့မှာ အတော်လေး ကြိုးစားရဦးမယ့် အပိုင်းပါ။ သတင်းထောက်က သတင်းတင်ပြပုံ မပေါက်ဘဲ အခမ်းအနားမှာပြောတဲ့လူတွေ၊ အင်တာဗျူးလုပ်တဲ့လူတွေကိုပဲ ထုတ်လွှင့်နေတတ်ပါတယ်။ သတင်းထောက်ရဲ့ သတင်းပေးနိုင်မှုမပါဘူး။ ဒီတော့ ပရိသတ်က ဘယ်လောက်ရသွားတယ်ဆိုတာ ကျွန်တော်မသိဘူး။ နိုင်ငံတကာမှာတော့ သတင်းထောက်က ကိုယ်တိုင်သွားမယ်၊ မေးမယ်၊ ပရိသတ်ကို သတင်းထောက် ကိုယ်တိုင်က ပြောမယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုအခြေအနေ တိုးတက်လာစေချင်ပါတယ်။ သတင်းတင်ဆက်ပုံအရ ဒီထက်ပိုကောင်းလာဖို့ ကျွန်တော်မျှော်လင့်ပါတယ် စသည်ဖြင့် ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားသွားသည်။

**ဒေါ်နန်းဖော့ဂေ**
**Karen Information Center**

Karen Information Center မှ ဒေါ်နန်းဖော့ဂေနှင့်တွေ့ဆုံခဲ့ရာတွင် ၎င်းက တိုင်းရင်းသားများ၏ အသံကို ပိုမိုထုတ်ဖော်ခွင့်ရရှိရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးစုတွေနေထိုင်တဲ့ နေရာဒေသတွေဟာ မီဒီယာလုပ်ငန်းတွေ အားကောင်းလာဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့ ကျွန်မအကြံပြုဆွေးနွေးခဲ့ပါတယ်။ ပြည်သူလူထုရဲ့ အမှန်တကယ်လိုအပ်နေတဲ့ သတင်းမျိုးတွေကို ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ဒေသတွေမှာ ရေဒီယို အသံလွှင့်လုပ်ငန်းတွေ အများကြီးဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်နေပုံကို ကျွန်မဆွေးနွေးခဲ့ပါတယ်။ ကုန်ကျစရိတ်နည်းပါးပြီး ထိရောက်မှုရှိတဲ့ ရေဒီယို အသံလွှင့်လုပ်ငန်းတွေ တိုးတက်လာဖို့လိုအပ်ပါတယ်။ လောလောဆယ်မှာ အစိုးရအနေနဲ့ ပုံနှိပ်မီဒီယာတွေကို ထုတ်ဝေခွင့် ခွင့်ပြုပေးနေသလို ရေဒီယိုမီဒီယာအပိုင်းကိုလည်း အစိုးရကခွင့်ပြုပေးသွားဖို့ ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားကြအောင် တိုက်တွန်းခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ လောလောဆယ်မှာ မြန်မာလိုနဲ့ အင်္ဂလိပ်လို အွန်လိုင်းရှိပါတယ်။ တိုင်းရင်းသားဘာသာအနေနဲ့ စာစောင်အနေနဲ့ လုပ်ဆောင်နေပါတယ် စသည်ဖြင့် ပြောကြားသွားသည်။

**Ms. Michelle J.Foster**
**မီဒီယာလုပ်ငန်းအတိုင်ပင်ခံ**
**အမေရိကန်ပြည်ထောင်စု မီဒီယာစီမံခန့်ခွဲမှုနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

မြန်မာနိုင်ငံဟာ ကမ္ဘာမှာနောက်ဆုံးပေါ် ထွန်းသစ်စ စီးပွားရေးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်တဲ့အတွက် ရေရှည်မှာ မြန်မာ့မီဒီယာဈေးကွက်ဟာ ထူးခြားစွာ တိုးတက်ကောင်းမွန်လာမယ်လို့ မိမိယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးတိုးတက်မှုအလားအလာများစွာရှိနေပါတယ်။ မြန်မာနိုင်ငံမှာ သတင်းအချက်အလက်တွေ ရှာဖွေစူးစမ်းသိရှိလိုပြီး နိုင်ငံရေးမှာ တက်ကြွတဲ့ပညာတတ်နဲ့ စာဖတ်နိုင်သူ လူထုကြီးကလည်းရှိနေပါတယ်။ သို့ရာတွင် ယခုအချိန်မှာတော့ မြန်မာ့မီဒီယာအားလုံးကို ထောက်ပံ့ဖို့ဘဏ္ဍာငွေအလုံအလောက်မရှိသေးတဲ့အတွက် ရေတိုမှာပြဿနာရှိနိုင်သော်လည်း ရေရှည်မှာတော့ မြန်မာ့မီဒီယာဈေးကွက်အနေဖြင့် တောက်ပတဲ့အနာဂတ်ကို ပိုင်ဆိုင်လာမယ်လို့ယုံကြည်ပါတယ်။

ယခုအချိန်ဟာ အသွင်ကူးပြောင်းနေသော ကာလဖြစ်ပြီး စိတ်လှုပ်ရှားမြူးကြွဖွယ် ကောင်းနေပါတယ်။ မြန်မာနိုင်ငံမှာ မီဒီယာလုပ်ငန်း တစ်ဟုန်ထိုးတိုးတက်နေပါတယ်။ ပုဂ္ဂလိကသတင်းစာအများအပြား ပေါ်ထွက်လာတဲ့အပြင် အွန်လိုင်းများရော၊ အင်တာနက်ပါ အသုံးပြုနေကြပါတယ်။ ၎င်းတို့ဟာ တစ်ချိန်တည်းမှာ ဖြစ်ထွန်းနေလျက် အဲဒီမီဒီယာအားလုံးအတွက် စားသုံးသူ ဈေးကွက်အပြည့်အဝ မရရှိသေးတဲ့အတွက် ရှေ့ဆက်လျှောက်မယ့် လမ်းခရီးမှာ အတားအဆီးတချို့ရှိနေတာကိုတော့ တွေ့ရပါသေးတယ်။

**Mr. Mikael Hemniti Winther**
**မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး**

အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုတာ မျှတတဲ့အမြင်ရှိပြီး လွတ်လပ်မှုရှိရပါမယ်။ အဲဒီအချက်က အင်မတန်မှ အရေးကြီးပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာကို ပံ့ပိုးပေးနေတဲ့အစိုးရတစ်ရပ်အနေနဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုတာ ဝါဒဖြန့်ကိရိယာတစ်ခုမဟုတ်ဘဲ အမှန်တကယ်လွတ်လပ်တဲ့မီဒီယာတစ်ခုဖြစ်ကြောင်း အာမခံချက်ပေးနိုင်ရမှာဖြစ်ပါတယ်။ အမျိုးမျိုးသောလူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတွေကို ကိုယ်စားပြုပါဝင်တဲ့ အဖွဲ့ဝင်များနဲ့ မီဒီယာကော်မတီတစ်မျိုးမျိုးကို ဖွဲ့စည်းနိုင်တယ်။ အဲဒီနေရာမှာ အစိုးရအနေနဲ့ ၎င်းဟာမီဒီယာရဲ့ လုပ်ငန်းတွေကို ထိန်းချုပ်ထားခြင်းမရှိဘူးဆိုတာကို အသေအချာပြောနိုင်ရမှာဖြစ်ပါတယ်။ အစိုးရက ငွေကြေးအရ အထောက်အပံ့ပေးထားစေကာမူ အများပြည်သူဝန်ဆောင်မှုမီဒီယာကိုအစိုးရက ထိန်းချုပ်ထားခြင်းမရှိကြောင်းကို ပြည်သူများအား အသိပေးထားရမှာဖြစ်ပါတယ်။

**Mr. Etienne Clement**
**Deputy Director, UNESCO**

ပုံနှိပ်မီဒီယာဖြစ်စေ၊ အသံလွှင့်မီဒီယာဖြစ်စေ အများပြည်သူ ဝန်ဆောင်မှုမီဒီယာရဲ့ ဥပဒေပိုင်းဆိုင်ရာ မူဘောင်ဟာ နိုင်ငံတကာစံနှုန်းများနဲ့ ကိုက်ညီမှုရှိစေဖို့အတွက် ယူနက်စကိုက အကြံဉာဏ်များပေးသွားမှာဖြစ်သလို ကူညီပံ့ပိုးမှုများလည်း ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လူထု၊ သတင်းသမားများ၊စာဖတ်သူများ၊ဘေးမှ ကြည့်နေသူများ စတဲ့ ပါဝင်ပတ်သက်နေသူအားလုံးရဲ့ အကျိုးစီးပွားများကို ထိခိုက်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ဒီကိစ္စနဲ့ပတ်သက်ပြီး ယူနက်စကိုက မြန်မာနိုင်ငံကိုအကြံဉာဏ်များပေးသွားမှာဖြစ်ပါတယ်။ ယူနက်စကိုက ယုံကြည်လက်ခံထားတဲ့အချက်တွေနဲ့ပတ်သက်ပြီး အကြံဉာဏ်များ ပေးသွားမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်ကစပြီး ထင်ရှားတဲ့ အပြောင်းအလဲတွေကို ကျွန်တော်တွေ့မြင်မိပါတယ်။ ကျွန်တော်က ဗန်ကောက်မှာ အခြေစိုက်နေထိုင်ပြီး မြန်မာနိုင်ငံကို လာတဲ့အခါတိုင်း "The New Light of Myanmar"နဲ့ အခြားစာစောင်အနည်းငယ်ကို အမြဲတမ်းပဲဖတ်ပါတယ်။ အပြောင်းအလဲအများအပြားကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတာကို သေချာအောင်လုပ်ရပါမယ်။ ဆိုလိုတာကတော့ ပြည်သူကို အလုပ်အကျွေးပြုခြင်းပဲဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာအနေနဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေထံကို ဝန်ဆောင်မှုတစ်ရပ်အနေနဲ့ ပေးနေခြင်းရှိ၊ မရှိဆိုတာကို ဒီနေ့ဒီချိန်အခါမှာ စောင့်ကြည့်နေကြပါတယ်။ ပြည်သူတွေအနေနဲ့ကလည်းသူတို့ရဲ့ နေ့စဉ်ဘဝတွေအတွက် အသုံးဝင်မယ့်သတင်းမျိုးရရှိလာပြီဆိုရင် အများပြည်သူဝန်ဆောင်မှုမီဒီယာဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်လာပြီဆိုတာကို လက်ခံလာကြပါလိမ့်မယ်။ ဒီအချက်ကိုပဲ ယူနက်စကိုက အကြံပြုလိုတာဖြစ်ပြီး အကောင်အထည်ပေါ်လာစေလိုတာလည်းဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုတာဟာ ပြည်သူတွေရဲ့ ငွေကြေးနဲ့ ထူထောင်ထားတာဖြစ်လို့ ပြည်သူတွေကို ဝန်ဆောင်မှုပေးရမှာဖြစ်ပါတယ်။



အနုပညာ

# တေးသံရှင် ကာရိုလ်ကင်းအား သမ္မတ အိုဘားမားကိုယ်တိုင် Gershwin ဆုချီးမြှင့်



အမေရိကန်နိုင်ငံ Library of Congress မှ ချီးမြှင့်သည့် Gershwin ဆုရှင် တေးရေးဆရာနှင့် အဆိုတော် ကာရိုလ်ကင်းအား အမေရိကန်သမ္မတ ဘာရက်အိုဘားမားကိုယ်တိုင် ဗုဒ္ဓဟူး နေ့ညပိုင်းက ဝါရှင်တန်၌ ဆုပေးအပ် ချီးမြှင့်ခဲ့သည်။**(ယာပုံ)**

တေးသံရှင် ကင်းသည် Library of Congress မှ ပေါ်ပြူလာအဖြစ်ဆုံး သီချင်းအတွက် ချီးမြှင့်သည့် Gershwin ဆုရှင်များတွင် ပထမ ဆုံးသော အမျိုးသမီးဆုရှင်ဖြစ်ပြီး ယင်းဆုသည် အမေရိကန်နာမည် ကျော် တေးရေးဆရာများ ဖြစ်ကြသည့် George နှင့် Ira Gershwin တို့အား ဂုဏ်ပြုသောအားဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ကာ ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

"George တို့လိုပဲ သူမဘဝထဲမှာ ဂီတကနေတာ မဟုတ်ပါဘူး။ ဂီတ ထဲမှာ သူမဘဝရပ်တည်ထားတာပါ" ဟု သမ္မတအိုဘားမားက ပြောကြား ခဲ့သည်။

အိမ်ဖြူတော်၌ ကျင်းပခဲ့သည့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နာမည် ကျော် တေးသံရှင်များဖြစ်ကြသည့် ဘီလီဂျိုး၊ ဂလိုရီယာအိစ်ဖန်း၊ အမ်မီ လီစန်ဒီ၊ ဂျိမ်းစ်တေလာ၊ ဂျက်စီမက်ခ် ကာ့တ်နီနှင့် ထရီရှာရီးယားဝုဒ်တို့က တေးသံရှင် ကာရိုလ်ကင်း၏ သီချင်း များဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

"ထူးခြားလှတဲ့ အနုပညာရှင် ကာ ရိုလ်ကင်းအား ဂုဏ်ပြုတဲ့ပွဲကို တက် ရောက်အားပေးကြတဲ့ အနုပညာ ရှင်များအားလုံးကို ကျေးဇူးတင်ပါ တယ်" ဟု သမ္မတ အိုဘားမားက ပရိသတ်များနှင့် အနုပညာရှင်များ အား နှုတ်ခွန်းဆက်စကားပြောကြား သွားခဲ့သည်။

# ဖုန်းဆိုင်များထပ်မံတိုးချဲ့ဖွင့်လှစ်လိုတဲ့ ဂျေလို




ဂျေလိုဟု လူသိများကြသည့် အမေရိကန် တေးသံရှင် ဂျနီဖာလိုပက်ဇ်က သူမသည် Viva Movil အမည်ဖြင့် ဆဲလ်ဖုန်းအရောင်းဆိုင်ခွဲ ၁၅ ဆိုင်ကို ဖွင့်လှစ် ရောင်းချရန် စီစဉ်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာ ခဲ့သည်။

ထို့ပြင် နယူးယောက်၏ပထမဆုံးဆိုင်ခွဲကို ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အခြားဆိုင်ခွဲများကို လော့စ်အိန်ဂျလိစ်နှင့် မိုင်ယာမီမြို့များတွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ယင်းဆိုင်ခွဲများ၌ ဈေးဝယ် အတွေ့အကြုံသစ်များ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အရောင်းဝန်ထမ်းများကို ဘာသာစကားနှစ်မျိုး တတ်မြောက်သူများကိုသာ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျေလိုသည် ယင်းကုမ္ပဏီ၏ ရှယ်ယာအများ ဆုံးပိုင်ရှင်တစ်ဦးဖြစ်ပြီး သူမ၏ပရိသတ်ကြီးနှင့် တွေ့ဆုံ နိုင်ရန် Viva Movil ၏ ဖေ့ဘွတ်စ်စာမျက်နှာတွင် အမြဲရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းနှင့် မစိမ်းသော ဂျေလိုအတွက် ယခုလုပ်ငန်းသည် အထူးအဆန်းတစ်ခုမဟုတ်ဘဲ သူမ သည် ရုပ်ရှင်နှင့်တယ်လီဗီးရှင်းကုမ္ပဏီတစ်ခုကို ပိုင်ဆိုင် ထားပြီး ယခုအခါ အဝတ်အစားနှင့် ရေမွှေးလုပ်ငန်းများ သို့ပါ ခြေဦးလှည့်နေပြီဖြစ်သည်။

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ နယ်လှည့်၍ သက်တမ်းတိုးဆောင်ရွက်ပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေး ကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | နေပြည်တော် | လယ်ဝေး |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ဥက္ကံ၊ ဒလ |
| ၃ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ သာစည်၊ ညောင်ဦး၊ တံတားဦး |
| ၄ | ရှမ်းပြည်နယ် | လဲချား၊ သီပေါ၊ မိုင်းဖြတ်၊ မိုင်းယောင်း |
| ၅ | ကချင်ပြည်နယ် | ချီဖွေ၊ ဆော့လော်၊ ရွှေကူ၊ ဟိုပင် |
| ၆ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ခင်ဦး၊ တမူး |
| ၈ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်၊ ကြို့ပင်ကောက် |
| ၉ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ငဖဲ၊ အောင်လံ |
| ၁၀ | မွန်ပြည်နယ် | မုဒုံ၊ ပေါင် |
| ၁၁ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ဇလွန် |








ကျေးဇူးဆပ်ပါမည်
ကျွန်တော်စိုးထွန်းဦး ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် ၈၆၃၁၅၆ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉ - ၄၂၂၄၉၈၂၀၆

GMDSSလက်မှတ်ပျောက်ဆုံးခြင်း
ကျွန်တော်၏ GMDSS Operator's Certificate စာအုပ်အမှတ် GOC 98/105(18 APR 1998) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြား ပေးနိုင်သူအား ထိုက်တန်စွာ ကျေးဇူးတုန့်ပြန်ပါမည်။
ဦးသောင်းထွန်း ဖုန်း-၇၃၁၅၅၁၂၄










ကလောမြို့မှ
မြေကွက်များ ရောင်းမည်
50'x100'
60'x200'
100'x100'
ဆက်သွယ်ရန်-
09-43201847
09-421165399
09-421165398






## နည်းပြ ပယ်လီဂရီနီအား မန်စီးတီးပစ်မှတ်ထား မာလာဂါနည်းပြဘဝကို စွန့်ခွာရန် အခိုင်အမာပြောကြား

မာလာဂါအသင်းနည်းပြ ပယ်လီဂရီနီသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မာလာဂါ နည်းပြဘဝကို စွန့်ခွာမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ယင်းမှာလည်း နည်းပြ ပယ်လီဂရီနီအနေဖြင့် မန်စီးတီးအသင်း၏ ပစ်မှတ်ထားခြင်းခံရသဖြင့် လာမည့်ရာသီတွင် မန်စီးတီးနည်းပြဖြစ်လာရန် မျှော်လင့်ထားခြင်းကြောင့်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့သည်။

ပယ်လီဂရီနီသည် ယခင်က ဗီလာရီးယဲလ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ပြီး မာလာဂါအသင်းသို့ ရောက်ရှိလာချိန် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ၌ မာလာဂါအသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။



နိုင်လင်းကြည်



## ဒဏ်ရာကြောင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲနှင့် ဂေါ့ဇီလွဲချော်မည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂျာမန်ကြယ်ပွင့် မာရီယိုဂေါ့ဇီသည် ဒဏ်ရာရရှိနေ၍ ဒေါ့မွန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လွဲချော်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

လာမည့်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီထားခဲ့သော ဒေါ့မွန်ကစားသမားဂေါ့ဇီသည် ပြီးခဲ့သည့်လက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ကတည်းက ဒဏ်ရာပြဿနာကြုံခဲ့၍ ဒေါ့မွန်အသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

"နောက်ဆုံးယှဉ်ပြိုင်ရမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲဟာ ကျွန်တော့်အတွက် အကြီးမားဆုံးသော ပန်းတိုင်ပါ။ ဒီပွဲမှာ ပါဝင်ကစားနိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒီပွဲမှာ ဒေါ့မွန်အသင်းအတွက် အထောက်အပံ့ပေးနိုင်မှာမဟုတ်လို့ အတိုင်းမသိဝမ်းနည်းမိပါတယ်။ ဒါဟာလည်း ဒဏ်ရာပြဿနာကြောင့်ပါ"ဟု မာရီယိုဂေါ့ဇီက ပြောကြားခဲ့သည်။

မာရီယိုဂေါ့ဇီသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ပေါင် ၃၁ ဒသမ ၅ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်ထားပြီဖြစ်ကြောင်း ဧပြီလက ကြေညာခဲ့သည်။ ထို့ကြောင့် မာရီယိုဂေါ့ဇီသည် ပြောင်းရွှေ့ကြေးအများဆုံးရရှိသည့် ဂျာမန်ကစားသမားဖြစ်လာမည်ဖြစ်သည်။

## ရွှန်းနီအား အလွှတ်ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီပြင်ဆင်



ပြင်သစ် ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းသည် မန်ယူနှင့် အင်္ဂလန်တိုက်စစ်မှူး ရွှန်းနီအား တစ်နှစ်လျှင် ပေါင် ၁၅သန်းနှင့် အလွှတ်ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ပေးကာ ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းသည် ရွှန်းနီအား ခေါ်ယူရေးနှင့်ပတ်သက်၍ စုစုပေါင်း ပေါင်သန်း ၁၀၀ တန်စာချုပ်တစ်ရပ် ချုပ်ဆိုရန်လည်း ပြင်ဆင်ထားကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း သူဌေးများပိုင်ဆိုင်သည့် ပီအက်စ်ဂျီအသင်းသည် မန်ယူတိုက်စစ်မှူး ရွှန်းနီအားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ရွှန်းနီသည် ပီအက်စ်ဂျီအသင်း၏ နွေရာသီဈေးကွက် ကစားသမားခေါ်ယူမှုတွင် ပထမဦးစားပေးကစားသမားလည်း ဖြစ်ခဲ့ရသည်။

အသက်(၂၇)နှစ်အရွယ် မန်ယူတိုက်စစ်မှူး ရွှန်းနီအား ပီအက်စ်ဂျီအသင်း၏ လက်ရှိတိုက်စစ်မှူး ဇလက်တန် အီဘရာဟီမိုဗစ်ချ်၏လုပ်ခလစာနည်းတူ ပေးမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အေစီမီလန်အသင်းမှ ပြောင်းရွှေ့လာသော အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းတွင် တစ်ရာသီကစားပြီးနောက် အီတလီမြေသို့ ပြန်သွားမည်ဆိုသော သတင်းများ ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် မန်ယူတိုက်စစ်မှူး ရွှန်းနီအား လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပီအက်စ်ဂျီအသင်းသည် ရွှန်းနီကိုခေါ်ယူနိုင်ရန် မိုနာကို၊ ချယ်လ်ဆီး၊ အာဆင်နယ် စသည့်အသင်းများနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရဦးမည် ဖြစ်သည်။




# အဆင်းလမ်းမှာနမ်းကြတော့ အရှိန်လွန်မှောက်ပြီပေါ့

**မူဆယ် မေ ၂၃**

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်-လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မူဆယ်၊ မိုင်းယု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အကြား တုန်ခန်ရွာအနီးတွင် လမ်းခင်းကျောက်များ တင်ဆောင်လာသည့်ကားနှစ်စီးသည် အဆင်းတွင် အရှိန်လွန်ကာ နောက်မှတိုက်လိုက်သည့်အတွက် ကားနှစ်စီးစလုံး လမ်းဘေးသို့ တိမ်းမှောက်သွားကြောင်းသိရသည်။**(ယာပုံ)**

"လူသေပျောက်တွေမရှိပါဘူး၊ ကံကောင်းတယ်ပြောရမယ်၊ ဒီနေရာက အဆင်းချည်းပဲ၊ ဒီကအထက်ဘက် အထက်တုန်ခန်ရွာနားကစတဲ့ အဆင်းကြီးဟာ နှစ်မိုင်လောက်ရှည်ပြီး မူဆယ်မြို့အဝင်နားက နမ်ခွန်ရွာခတ်ဆီဆိုင်နားရောက်ပါတယ်။ ကားကြီးတွေ တုန်ခန်ရွာအလွန် အဆင်းကွေ့မှာ အရှိန်လွန်လဲတာ မကြာခဏတွေ့ရတယ်၊ အထူးသဖြင့် ဝန်တင်တဲ့ကားတွေဖြစ်တာများပါတယ်။ အခုအချိန်ကာလမှာ မူဆယ်မြို့ပြစီမံကိန်းတွေရယ်၊ တိုက်တာအိမ်တွေ ဆောက်လုပ်ကြတာတွေကြောင့် မြေသယ်ကား၊ ကျောက်သယ်ကားကြီးတွေ မပြတ်တွေ့နေရပါတယ်။ ဒီအဆင်းလမ်းကို ဝန်တင်ကားကြီးတွေအတွက် ရှောင်ကွင်းလမ်းတစ်လမ်း အမြန်ဖောက်ဖို့လိုအပ်နေပါပြီ"ဟု ကားမှောက်သည့် နေရာတွင်တွေ့ရသော နယ်ခံတစ်ဦးက ပြောပြသည်။



ယင်းလမ်းပိုင်းမှာ မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် မူဆယ်မြို့ကြား လမ်းပိုင်းဖြစ်ပြီး အဝေးပြေးလူစီးယာဉ်ကြီးများ၊ ကုန်ပစ္စည်းတင်ယာဉ်များ၊ သစ်သီးများတင်သည့်ကားများ၊ တွဲကားကြီးများ၊ ဆိုင်ကယ်၊ ဂွန်ဒေါင်း၊ ကျောက်သယ်ကားကြီးများ အဆင်းအတက် အသွားအလာ အလွန်များသောနေရာဖြစ်ပြီး ယာဉ်တန်းကြီးများသဖွယ် မကြာခဏ ယာဉ်ကြောပိတ်ဆို့တတ်သော လမ်းပိုင်းဖြစ်သည်။

**(သိန်းဇော်-ရွှေလီဦး)**

# ဇမ္ဗူသီရိမြို့နယ်၌ ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် တိုက် (၂၀၇)၌ မေ ၂၀ ရက် နံနက်က လူတစ်ဦးကြိုးဆွဲချသေဆုံးမှု ဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ စိုးသီဟထွေး အသက် (၃၅)နှစ် မင်္ဂလာသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၂၀၇) တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိရာ မေ ၁၉ ရက် ညအိပ်ရာဝင်ချိန်၌ အိပ်ခန်းတံခါးပိတ်ထားပြီး စောစောအိပ်ရာဝင်သွားသည်။

မေ ၂၀ ရက် နံနက်အိပ်ရာထရန် သွားနှိုးစဉ် ပြတင်းပေါက်တန်း၌ နိုင်လွန်ကြိုးကို ကြိုးကွင်းပြုလုပ်ပြီး ကြိုးကွင်းစွပ် သေဆုံးနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သေဆုံးမှုကို ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညီဝင်း၊ အမှတ် (၁) ရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်ဦးတို့က သွားရောက်စစ်ဆေးပြီး သေမှုသေခင်း အမှတ် (ပ) ၃/၂၀၁၃ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်သူရ-နေပြည်တော်)**

# ကားငှားစီးပြီး တက္ကစီယာဉ်မောင်းထံမှ ငွေနှင့်လက်ကိုင်ဖုန်း လုယက်သူများအား ဖမ်းမိ

**ရန်ကုန် မေ ၂၃**

မေ ၂၂ ရက် ည ၉ နာရီခန့်က ကိုကျော်ဝင်းဇံသည် ကက/.... အငှားယာဉ်အား မောင်းနှင်လာရာ လှိုင်သာယာ တံတားဖြူမှတ်တိုင်တွင် လူလေးဦးက သိမ်ကြီးဈေးသို့ လိုက်ပို့ရန် ပြောဆိုပြီးငှား၍ မောင်းနှင်လာစဉ် ဘုရားလမ်းမှတ်တိုင် မရောက်မီ မှောင်ရိပ်သို့အရောက် ရှေ့ခန်းတွင်ထိုင်သူမှ ယာဉ်မောင်း၏လည်ပင်းအား ဓါးနှင့်ထောက်ပြီး ပိုက်ဆံတောင်းရာ မပေးနိုင်ကြောင်းပြောစဉ် နောက်ခန်းတွင် ထိုင်သူက ကားဒက်ရှ်ဘုတ်ပေါ် တင်ထားသော လက်ကိုင်ဖုန်းအားယူပြီး ပိုက်ဆံမပေးလျှင် သတ်ပစ်မည်ဟု ကြိမ်းမောင်းသဖြင့် ကားရပ်ပြီး ပတ်ဝန်းကျင်သို့ အကူအညီတောင်းရာ အနီးရှိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးရာ လေးဦးအနက် ချစ်ကိုကို(ခ) လရိပ် (၁၉)နှစ် (၇) ရပ်ကွက် လှိုင်သာယာနေသူအား ဖမ်းဆီးရမိခဲ့သည်။ ကျန်သုံးဦးဖြစ်သည့် ပြည့်ဖြိုးဝေ (၂၁)နှစ်၊ သက်နိုင်ဦး (၂၇)နှစ်နှင့် အောင်မိုးစက် (၂၁) နှစ်တို့အား လှိုင်သာယာရဲစခန်း လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# သစ်လုံးတင်ရထားနှင့် ထော်လာဂျီတိုက်မိ

**နေပြည်တော် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှဈေး (၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်အမှတ်(၂၁၁/၃)နှင့် ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ် (၂၀၁/၈-၉)ကြား သံလမ်းကူးတွင် မေ ၂၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ရေတာရှည်မြို့နယ် ဆတ်သေမြောက်ရွာနေ သန်းဇော် (၂၅)နှစ် မောင်းနှင်လာသော ၉၅/... ထော်လာဂျီယာဉ်သည် သံလမ်းအားဖြတ်ကူးစဉ် မန္တလေးမှ ရန်ကုန်သို့ သစ်လုံးများ တင်ဆောင်လာသည့် အမှတ် (၉၃၄) အစုန် ကုန်ရထားမှ ဝင်ရောက်တိုက်မိခဲ့သည်။ ထိုသို့ ဝင်ရောက်တိုက်မိသဖြင့် ထော်လာဂျီယာဉ် ဦးခေါင်းပိုင်းမှာ ပျက်စီးသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာ မရှိခဲ့ကြောင်းနှင့် ထော်လာဂျီယာဉ်မောင်း သန်းဇော်အား မြို့လှနယ်မြေ ရဲစခန်းက (ပ) ၃၈/၂၀၁၃၊ မီးရထားအက်ဥပဒေ ပုဒ်မ ၁၂၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# တွံတေး၌စကားများရန်ဖြစ် တစ်ဦးသေ

**ရန်ကုန် မေ ၂၃**

မေ ၁၉ ရက်ညနေ ၆ နာရီခွဲတွင် တွံတေးမြို့နယ် နတ်စင်ချောင်ရွာရှိ ဦးမင်းလွင်၏ ငါးကန်တွင် နတ်စင်ချောင်ရွာနေ ငါးကန်လုပ်သား သက်ဆွေ (၂၅) နှစ်နှင့် ဖိုးဇော် (၁၈) နှစ်(လိပ်စာတူ)တို့ အကြွေးတောင်းသည့်ကိစ္စဖြင့် စကားများရန်ဖြစ်စဉ် ဖိုးဇော်က အရိုးအသွား ၁၀လက်မခန့်ရှိဓားဦးချွန်ဖြင့်ထိုးရာ သက်ဆွေ၏ ဝဲဘက်ညှပ်ရိုးအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်ရ၍ တွံတေးဆေးရုံသို့ ပို့စဉ် သေဆုံးသွားသဖြင့် အရေးယူပေးရန် တိုင်တန်းမှုအား တွံတေးရဲစခန်းက (ပ) ၂၀၁/၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် မေ ၁၉ ရက်တွင် အမှုဖွင့်ပြီး တရားခံ ဖိုးဇော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။

**(၃၁)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့၌ ထပ်မံဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်နှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၂၄-၅-၂၀၁၃ ရက်မှ ၆-၆-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ (နေပြည်တော်)၊ အားကစားကွင်း/အားကစားရုံဌာနခွဲတွင် လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၉၈၆၃၇၁၃၂ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အားကစားဝန်ကြီးဌာန
အားကစားနှင့်ကာယပညာဦးစီးဌာန
ရုံးအမှတ်(၃၁)၊ နေပြည်တော်
ဖုန်း-၀၉၈၆၃၇၁၃၂



## အမြန်ဆုံးပြန်လည်ဖြေရှင်းပေးပါရန်

၇-၅-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၉)၌ ဧည့်ရိပ်သာတွင် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သဖြင့် ဖမ်းဆီးဆိုသည့် ခေါင်းစဉ်ဖြင့် ကြံတော ဖိုးငှေး(မြိတ်)ဆိုသူမှ ရေးသားဖော်ပြခဲ့သည့် သတင်းမှာ မှားယွင်းနေပါသဖြင့် (၇)ရက်အတွင်း ပြန်လည်ဖြေရှင်းပေးပါရန် ကြေညာအပ်ပါသည်။

ဦးဝင်းအောင်[၆/ကသန(နိုင်)၀၀၇၉၂၃၂]
ဖုန်း-၀၉ ၄၉၈၆၇၃၂၂
လေယာဉ်မယ်အဆင့်မြင့် ဧည့်ရိပ်သာ


# ပျဉ်းမနားမြို့တွင် တစ်ရက်တည်း မီးနှစ်ကြိမ်လောင်

**နေပြည်တော် မေ ၂၃**

မေ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ်ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရန်အောင်(၂)ရပ်ကွက် ရန်နိုင်(၁)ဘက်ရှိ ဦးသန်းလွင်၏ နေအိမ်၌ လျှပ်စစ်ဝါယာကြိုးမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီကျော်ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ခြေလျင်စုရပ်ကွက် သစ်တောပန်းခြံလမ်းတွင် ခတ်ဆီလဲလှယ်စဉ် ပွတ်တိုက်မှုကြောင့် မီးစတင်လောင်ကျွမ်းကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်များသို့ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှိုင်ဝင်းအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း သိရသည်။

**(မင်းမင်းလတ် - မန်းတက္ကသိုလ်)**

## (၄၂)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

သားတို့ သမီးတို့ ဆွေမျိုး အားလုံးအပေါ် မေတ္တာတရားကြီးမားစွာဖြင့် ပြုစုပျိုးထောင် လမ်းညွှန်စောင့်ရှောက်ပေးပါသော ဒယ်ဒီ ဦးဝင်းမြင့်နှင့် မာမီ ဒေါ်ခင်ချိုဦးတို့၏ ကဆုန်လပြည့်နေ့တွင် ကျရောက်သော (၄၂)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သော တူ/တူမများ-
- စိုင်းဝေယံထွန်း
- စိုင်းစိုင်း၊ နန်းစန္ဒာမြင့်၊ စိုင်းနောင်၊ နန်းစန္ဒာပြည့်ဖြိုး
- နန်းမေမြတ်နိုးဦး
- စိုင်းသုတပြည့်ဖြိုး၊ စိုင်းသုခပြည့်စုံ
- စိုင်းရဲရင့်ထက်
- စိုင်းဆက်ဘုန်းစံ၊ နန်းထက်မြတ်ချို
- နန်းတိုးအိလင်း၊ နန်းမြတ်သိမ့်ကို၊ နန်းရည်မွန်သိမ်း




## မြေကွက်နှင့်အဆောက်အအုံများ ရောင်းရန်

၁။ စတုရန်းပေ ၆၀၀၀ ခန့် အဆောက်အအုံ ရေမီး ၃ လုံးပါ (ဂရန်မြေ)
၂။ စတုရန်းပေ ၆၅၀၀ ခန့် အဆောက်အအုံ ရေမီး ၃ လုံးပါ (ဂရန်မြေ)

ဆက်သွယ်ရန်
ဖုန်း-၇၃၀၇၀၅၄၉၊
၇၃၀၄၃၉၈၃

## Treasure For Life Co., Ltd

### Local Service Only

1. Sales and Marketing Male/Female (3) Posts
- Minimum of two years' experience in Sales & Marketing Field(Especially in Skin Care & Cosmetics).
- Must have pleasant personality and good communication skill.

2. Japanese Translator Male/Female (1) Post
- Any Graduate, At Least Japanese Level(2). Computer Literate.
- Must have good Presentation and organization skill.

Applicants must apply with CV copies of education certificate, experience certificate and passport size color photograph within 3 months, copy of NRC, Labor registration card and recommendation from police force to the above address not later than(27.5.2013).

Interview Date ; 29.5.2013(10:00 AM)
Interview Address ; Room 9/B, Building -67/C, 9th Floor,Yuzana Condo, Koh Min Koh Chin Road, Bahan Tsp, Yangon.






# မိတ္ထီလာတွင် စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**မိတ္ထီလာ မေ ၂၃**

မိတ္ထီလာမြို့၌ မေ ၅ ရက်တွင် မိုးစတင်ရွာသွန်းခြင်းကြောင့် မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ စိုက်ပျိုးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ကြကြောင်း သိရသည်။

"မိုးဦးမကျခင်ကတည်းက မိုးကျလျှင်ချက်ချင်း စိုက်ပျိုးနိုင်အောင် ကြိုတင်ပြင်ဆင်ထားတာပါ။ ယခုမိုးကျတာကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေတာပါ။ မိုးဦးကျမှာ နှမ်းနှင့် ပဲတီစိမ်းကို အဓိကထားစိုက်ပျိုးမှာပါ။ ယခုနှစ်နှမ်းမျိုးဈေးက တစ်ပြည်ကို ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိရှိကြောင်း၊ နှမ်းမျိုးဈေးကြီးခြင်းကြောင့် အချို့တောင်သူများကတော့ မေ ၁၆ ရက် မဟာစင်မုန်တိုင်းကြောင့် မိုးရွာပြီးမှ စတင်စိုက်ပျိုးကြမှာပါ။ မိုးကြောင့် စိုက်ပျိုးပြီး စိုက်ခင်းတွေပျက်စီးမှာ စိုးတဲ့အတွက်ကြောင့်ပါ။ ကျွန်တော်တို့ ကျေးရွာတွေအတွက် ရေဒီယိုလေးတွေရှိနေခြင်းက အသိပညာဗဟုသုတရရှိကြပါတယ်၊ ကျွန်တော်တို့ တောင်သူတွေအတွက် မိုးလေဝသသတင်းကို မကြာခဏ ထုတ်လွှင့်ပေးစေလိုပါတယ်၊ မိုးလေဝသသတင်းက ကျွန်တော်တို့ တောင်သူတွေအတွက် အလွန်အရေးကြီးပါတယ်၊ ယခုနှစ် ထွန်ငှားခကလည်း တစ်မနက်ခင်း ထွန်တစ်ရှဉ်း ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ထိပေးငှားရတယ်။ ခိုင်းနွားဈေးက ခေါင်ခိုက်အောင် ဈေးကောင်းနေတော့ ခိုင်းနွားမဝယ်နိုင်ဘူး၊ ထွန်ငှားပြီး စိုက်ပျိုးရမှာပဲ၊ ကျွန်တော်တို့တောင်သူတွေအတွက် တစ်နှစ်စာ စပါးနှင့် ဆီရှိရင် ဝမ်းရေးအတွက် အဆင်ပြေပါတယ်၊ ဒါကြောင့် စပါးနှင့် ဆီထွက်သီးနှံနှမ်းကို အဓိကထားစိုက်ပျိုးတာဖြစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေကို ယခုနှစ် လယ်တစ်ဧက တစ်သိန်းနှုန်း၊ ယာတစ်ဧက နှစ်သောင်းနှုန်း ထုတ်ချေးပေးမှာဖြစ်တဲ့အတွက် လယ်ယာမြေမှတ်ပုံတင်ခြင်းကိုလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု မိတ္ထီလာမြို့နယ် တောမကျေးရွာမှ တောင်သူတစ်ဦးကပြောကြားသည်။

**မျိုးမင်းဇော် (ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ် တားဆီးရေးသင်တန်းဖွင့်

**မြိတ် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်သို့ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် တားဆီးရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြိတ်ခရိုင်အတွင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအား ဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ် တားဆီးနိုင်ရန် ပညာပေးသင်တန်းကို မေ ၁၈ ရက် ည ၇ နာရီက မြိတ်ခရိုင်မီးသတ်ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြိတ်ခရိုင် ဦးစီးအရာရှိ သဘာဝဘေးအန္တရာယ် တားဆီးရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်း တက်ရောက်အမှာစကားပြောကြားသည်။ ယင်းသင်တန်းကို တစ်ပတ်လျှင် နှစ်ကြိမ် သင်တန်းပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်သူအင်အား ၅၀ ရှိကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

# ကျေးရွာများအရောက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ၊ အခမဲ့ဆေးကုသပေး

**ဒီပဲယင်း မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက ကြည်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထွေးသီတာက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ကျော်ဝင်း၊ စိုင်ပြင်ကျန်းမာရေးမှူး ဦးတင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာတွင် ဆေးခန်းဖွင့်၍ ဆေးအခမဲ့ကုသပေးကြပြီး (ဝဲပုံ) ဆရာဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း တစ်အိမ်တက်ဆင်း သွေးလွန်တုပ်ကွေး စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြော

**နေပြည်တော် မေ ၂၃**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေရေးအတွက် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြောပွဲကို မေ ၁၇ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝင်းစိုးက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မျိုးကောင်းမျိုးသန့်ဝက်မျိုးများနှင့် နို့စားနွားများအား စာရင်းမှတ်စနစ်ဖြင့် ဖြန့်ဝေမည့် အစီအစဉ်၊ မေထုန်မဲ့သားစပ်လုပ်ငန်းများ အခမဲ့ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဌေးနိုင်က ငါးသယံဇာတ ထိန်းသိမ်းရေး၊ တစ်ပိုင်တစ်နိုင် ပေါင်းစည်းလယ်ယာစနစ်နှင့် ငါးမွေးမြူရေး၊ ငါးသားပေါက် ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**(၅၈၆)**



မင်းဘူးခရိုင် စကုမြို့နယ် မဟာဂန္ဓာရုံစာသင်တိုက်အတွင်းရှိ ဆရာတော် ဦးဥတ္တရကျောင်းထိုင်သော ရှေးရိုးရာလက်ရာများဖြင့် မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းထားသည့် နှစ်ပေါင်း ၁၂၀ ကျော်ရှိ ရှေးဟောင်းအနုပညာလက်ရာ မြောက်ကျောင်းကြီးကို တွေ့ရစဉ်။

**(မနောဖြူလေး)**

# ညောင်လေးပင်၌ ၁၅၀၀ တန် ဖုန်းကတ်များ ဒုတိယအကြိမ် မဲဖောက်ရောင်းချ

**ညောင်လေးပင် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် ဒုတိယအကြိမ်မြောက် ငွေကျပ် ၁၅၀၀ တန်ဖုန်းကတ်များကို မေ ၁၉ ရက်တွင် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် CDMA တိုင်နှင့် ငါးမိုင်ပတ်လည်တွင်ရှိသော ကျေးရွာတို့တွင် အများပြည်သူရှေ့၌ မဲဖောက်၍ စတင်ရောင်းချရာ ညောင်လေးပင်မြို့ မြို့မ (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရှိန်အေးကိုယ်တိုင် ဦးဆောင်၍ အများပြည်သူရှေ့တွင်မဲနှိုက်၍ ထင်သာမြင်သာအောင် ဖုန်းလျှောက်သူ ၃၀၀ အား ရွေးချယ်ကံစမ်းရာ ကံထူးသူပြည်သူ ၇၀ ဝယ်ယူခွင့်ရရှိခဲ့သည်။

ယခုမေလအတွင်း ညောင်လေးပင်မြို့နယ်တွင် အများပြည်သူအတွက် ၁၆၀၃ လုံး၊ဌာနဆိုင်ရာအတွက် ဖုန်းအလုံး ၇၀၀ တို့အားခွဲတမ်းချကာ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ဖုန်းအလုံးပေါင်း ၂၃၀၃ လုံးရောင်းချပေးနိုင်ပြီး ယခုအချိန်တွင် ဝယ်ယူသူများ ယခင်ကထက် ရပ်ကွက်၊ ကျေးရွာများတွင် ပိုမိုများပြားလာကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျောက်ပန်းတောင်း၌ ဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်

**ကျောက်ပန်းတောင်း မေ ၂၃**

ကျေးလက်နေပြည်သူများနှင့် မြို့ပြနေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စကားဝါမြေလယ်ယာ ကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေးအဖွဲ့၏ ရရှိသောအတိုးငွေ အပေါ်မှ သုညဒသမ၃ ရာခိုင်နှုန်းဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စပါးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စကားဝါမြေ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးအောင်ကြည်က နာယကအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ စကားဝါမြေလယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ အထောက်အကူပြုရေး အဖွဲ့ဥက္ကဋ္ဌ ဦးသောင်းညွန့်က ချေးငွေအပေါ်တွင် ရရှိသည့်အတိုးအား ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ခွဲဝေပေးနိုင်မှုအခြေအနေကို ရှင်းလင်းပြော ကြားသည်။ ယင်းနောက် ဖွံ့ဖြိုးရေးရန်ပုံငွေရရှိသော ကျေးရွာများကို တာဝန်ရှိသူများကပေးအပ်ကာ ဆုံကုန်းကျေးရွာအဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ အခမ်းအနားတွင် ချေးငွေနှင့်မတည်စုဆောင်းငွေအပေါ် အတိုးနှင့်ဖွံ့ဖြိုးရေးရန်ပုံငွေ ခွဲဝေပေးနိုင်သည့် ကျေးရွာပေါင်း ၁၀ ရွာရှိပြီး ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၂၃ သိန်းကျော်ခွဲဝေပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**(၆၂၈)**

## ကျောက်ဆည်မြို့ အထက(၂) ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ တက်ရောက်ပါရန် ဖိတ်ကြားခြင်း

ကျောက်ဆည်မြို့ အထက(၂) ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၃-၆-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ ကျောက်ဆည်မြို့ အထက (၂) ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်၍ ကျေးဇူးရှင် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လျှုဒါန်းရန်**

| | | |
|---|---|---|
| ၁။ ဦးသန်းစိုးမြင့် | သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ မန္တလေးမြို့။ | ဖုန်း-၀၉-၂၁၅၀၁၀၃ |
| ၂။ ဦးခင်ဇော် | မေတ္တာအဆင့်မြင့်ခတ်ခွဲခန်း | ဖုန်း-၀၉-၂၁၅၀၅၉၈ |
| ၃။ ဦးခင်ကျော် | ရတနာတေးသံသွင်း | ဖုန်း-၀၉-၄၀၂၅၃၀၂၂ |
| ၄။ ဦးကိုကိုထွေး | စိန်ဖြူဆေးဆိုင် | ဖုန်း-၀၆၆-၅၀၀၉၆ |
| ၅။ ဦးဘဆန်းမြင့် | ရွှေဘိုအိမ်စတိုး | ဖုန်း-၀၉-၅၀၁၃၉၇၆ |
| ၆။ ဦးသန်းဌေး | ဇော်မိတ်ဆေးဆိုင် | ဖုန်း-၀၉-၅၁၅၄၃၈၃ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း/ တံတား လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ၏ အမျိုးအစားနှင့် ဝယ်ယူရန်လိုအပ်သည့် အသေးစိတ်စာရင်းကို သက်ဆိုင်ရာ ခရိုင်အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၉-၅-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀ နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၃-၅-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ကျောက်ဆည်မြို့နယ် အင်ဂျင်နီယာမှူးရုံး
မြစ်သားမြို့နယ် အင်ဂျင်နီယာမှူးရုံး
စဉ့်ကိုင်မြို့နယ် အင်ဂျင်နီယာမှူးရုံး
တံတားဦးမြို့နယ် အင်ဂျင်နီယာမှူးရုံး
ဖုန်း-၀၆၆-၅၀၄၂၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## Total Skin Repair

(ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းကွက်၊ အမည်းစက်၊ ချိုင့်ကွက်၊ နေလောင်ကွက်များ ပြုပြင်ရာဌာန)

**မောင်ဝိတ်ကွန်ဒို ဆိုင်ခွဲ(၁)ကို ပြောင်းရွှေ့ဖွင့်လှစ်ခြင်း။**

**လိပ်စာ - ဘုရင့်နောင်တာဝါ၊ (၂-A)၊
အခန်း(၃၀၂)၊ ၃ လွှာ၊ ဘုရင့်နောင်လမ်း
နှင့် လှည်းတန်းလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉-၂၀၅၃၁၈၆၊ ၀၁-၅၃၂၁၈၃**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၅၇၅၂၇၊ Honda C 90 Custom CMV ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်ဖြိုးအိစီ မှတ်ပုံတင်အမှတ် [၉/ပကခ(နိုင်)၀၀၃၃၁၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့**

## အမည်ပြောင်း

မန္တလေးနည်းပညာတက္ကသိုလ် Mechanical ဒုတိယနှစ်မှ ဦးသက်ညီကျော်၏ သားမောင်စံသက်ဒွေး [၅/ဝသန(နိုင်)၀၅၄၈၂၅] အား မောင်စံသက်ညီဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စံသက်ညီ**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော် (မက်စ်မြန်မာ ကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသည် (၃၀.၄.၂၀၁၃)ရက်တွင် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အစွန်အဖျားဒေသခန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . . . . ။

သုခမ္မသိင်္ဂီ ဒေါ်စန်းစန်းဦး
မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်
တွတ်ဆုံမဝရှက်သီးမှုန့်ရောင်းဝယ်ရေး

---

## ဆရာမအလိုရှိသည်

နိုင်ငံခြားသားကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာစာ၊ စကားသင်ပေးနိုင်သူ အလိုရှိသည်။ (အတွေ့အကြုံရှိရမည်။)
ဖုန်း-၀၉-၄၂၀၇၂၀၈

---

## ဆရာချမ်းဇော်ထက် ဖွင့်လှစ်ပြီ 09 73109446

လွယ်လွယ်ကူကူ အင်္ဂလိပ်စကားပြော
**Speak up, Speak out**

ချမ်းဇော်ထက် စာပေ ၃၁(၅လွှာ) ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

## ဇနီးမောင်နှံ လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇေယျာသုခလမ်း၊ အမှတ်(၃၉/က)နေ ဦးမင်းဆန်း-ဒေါ်မြမြအေးတို့၏တစ်ဦးတည်းသောသား

**မောင်အောင်အေးမင်း**

**B.E(Port & Harbour), Myanmar Maritime University**
**2nd year Diploma in Port Management**
**Project Engineer, MCPM Co.,Ltd.**

နှင့်

ရေဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ၂၅လမ်းအမှတ်-၂၈နေ ဦးကျော်သောင်း-ဒေါ်အေးမျှင်တို့၏သမီး

**မအေးသန္တာ**

**B.Ed(Q) YIOE**

**အထက်တန်းပြ၊ အထကဆားမလောက်**

တို့သည် ၁၉-၅-၂၀၁၃ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ ရှေ့မှောက်၌ ဇနီးမောင်နှံလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်အေးမင်း- မအေးသန္တာ**

---

## EVER UP Human Resources Institute

abe accredited college

နိုင်ငံတကာအသိအမှတ်ပြုဖြစ်တယ်.. ပညာရေးလည်းအဆင့်မြင့်မယ်.. ABE ဆိုရင် Ever Up မှာတက်တယ်..

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

2012 ABE [UK] December Exam တွင် ABE [UK] ၏စိန်ခေါ်မှုအမြင့်ဆုံး Level 6 [Graduate Diploma] ကို တစ်ကြိမ်တည်းဖြင့် ဘာသာစုံ (၅ ဘာသာ 2A⁺, 3A) ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ Dr. Mie Mie Maung Maung အား Ever Up HR Institute မှ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သော မြန်မာနိုင်ငံကိုယ်စား ပထမဦးဆုံး မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။ သင်ကြားပေးခဲ့သော ဆရာ ဦးညီညီမောင်၊ ဆရာ ဒေါက်တာ ဦးအောင်ကျော်နှင့် ဆရာမ ဒေါက်တာ ဒေါ်[illegible]တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

EVER UP Human Resources Institute
Management Team

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆို/အောင်မြင်ထားသူများအတွက် ပြည်တွင်းတက္ကသိုလ်တစ်ခုတက်ရင်း နိုင်ငံတကာအသိအမှတ်ပြု **ABE UK Diploma** များကို တစ်ချိန်တည်းတွင် ပညာသင်စရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်မည့်အခွင့်အလမ်း .....

June 2013 Intake Limited Seats Enroll Now!

အသက် (၁၇) နှစ်အောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ထားသူများထဲမှ Diploma Level 4 အတွက် ၂-၆-၂၀၁၃ အထိ ပထမဦးဆုံး ကျောင်းအပ်သူ (၁၀) ဦးကို Tution Fees ၏ **10 %** လျှော့၍ ကျောင်းအပ်လက်ခံပေးသွားမည်ဖြစ်ပါသည်။

Diploma / Higher Diploma / Graduate Diploma in :
- Business Management
- Human Resource Management
- Financial Management
- Marketing Management
- Travel, Tourism & Hospitality Management

Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon.
Tel: 01-256523, 09-73175137, 09-8630849, info@everup33.com,www.everup33.com

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၆၊ မြေကွက်အမှတ်-၁၉၅/က မြေကွက်တည်နေရာ-၁၉၅/က၊ သစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာ(ဦးတင်ဟန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဟန်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နှင်းနှင်း၊၁၂/ဗဟန(နိုင်)၀၁၉၈၃၉၊က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ ရပ်ကွက်ထောက်ခံစာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမည်ပြောင်း

ဦးမောင်မောင်သန်း၏သမီး၊ ဒဂုံဆိပ်ကမ်း၊ (၉၄)ရပ်ကွက်၊ အထက-၂ အဋ္ဌမတန်းမှ မအိန္ဒြာခိုင်မင်းအား မဖြတ်လေးစံဟုခေါ်ပါရန်။

---

## အမည်ပြောင်း

ဥက္ကံမြို့နေ အဖ ဦးလှရီ၁၂/တကန(နိုင်)၁၂၆၆၀၀၊၏သား မောင်ထက်ဝေယံ(ခ)မောင်နေထက်အောင်အား မောင်နေထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

---

## MAT Professional Training & Services

Switzerland နိုင်ငံ Geneva မှ[illegible]

# LCCI Level I, II, III
တရင်းကိုင်သင်တန်းများ

(International Gold Quality Award Winner 2011)

ဇွန်လတွင် တန်းခွဲသစ်များ ဖွင့်လှစ်ပါမည်။ ကျောင်းအပ်လက်ခံပြီ။ | For Series 4-2013 Exam | Ph : 242431, 246618

**No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp.**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ [illegible]

ဖြစ်ပါသည်။

ဖွဲ့အပ်ခွင့်ရကြော်ငြာသူ -

ဦးဝင်းဝေ (စဉ်-၆၂၄၄) B.A,LL.B,B.C.S,B.J.S | ဒေါ်ဝေမြင့်ရီ LL.B, D.B.L(စဉ်-၈၀၁၂) | ဒေါ်ခိုင်ခင်ဦး LL.B,D.B.L | ဒေါ်ခိုင်ခိုင်ဝန်း LL.B,D.B.L

**စိုးစံ(လင်း) အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ**
အမှတ်(၂၈၉)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ [illegible]၊ ဗဟန်းမြို့နယ်။
☎ - 01-552742, 01 - 8603232, 09 5060940, 09 8634090, 09 73033183

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ [illegible]

ဖြစ်ပါသည်။

ဖွဲ့အပ်ခွင့်ရကြော်ငြာသူ -

ဦးဝင်းဝေ (စဉ်-၆၂၄၄) B.A,LL.B,B.C.S,B.J.S | ဒေါ်ဝေမြင့်ရီ LL.B, D.B.L(စဉ်-၈၀၁၂) | ဒေါ်ခိုင်ခင်ဦး LL.B,D.B.L | ဒေါ်ခိုင်ခိုင်ဝန်း LL.B,D.B.L

**စိုးစံ(လင်း) အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ**
အမှတ်(၃၀)၊ ပထမထပ်၊ [illegible]
☎ - 510760, 510940, 510950, 500643, 502517, 2304311

---

"ရန်ကုန်မြို့၊ [illegible]

[illegible]

ဦးထွန်းသန့်ဇင်အောင်
LL.B., WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ

Ph - 095150403

# နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ဦးကျင်တိုး(Director Yuzana Co.,Ltd) ဥက္ကဋ္ဌ စက်လှေများအသင်းနှင့် ဒေါ်သန်းသန်းယု(Htet Diamond - Jewellery)တို့၏ ၂၄-၅-၂၀၁၃ ရက်တွင် ကျရောက်သော ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမှ နောင်ရတုပေါင်းများစွာတိုင်အောင် ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းဖြင့် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ သာသနာ့အကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးစန်းမောင်မြင့်(အကြံပေး-မြို့တော်စည်ပင်)-ဒေါ်ဆွေဆွေဦး**
**(နန်းဦးဝေ ပိုးထည်ဆိုင်၊ ယုဇနပလာဇာ)**
**ဒေါ်ဖြူဖြူဝင်း (လ/ထ ကထိက၊ ထားဝယ်ပညာရေးကောလိပ်)**
**ဒေါ်ဖြူဖြူဆွေ (မဖြူ)**
**ကိုလွင်ရီ-မစုစုကြည် (ကြိုးကြာမင်းသက်န်းတိုက်)**
**ကိုသန်းဌေး-မစီစီဝင်း**
**ကိုခင်မောင်ညွန့်-မခင်မေစီ**
**ကိုအောင်-မတင်တင်ဌေး**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်၌ကျင်းပပြုလုပ်သော နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာ၊ ဧက(၁၀၀၀)တောင်သူလယ်သမားကြီးဦးသိန်းမြင့်အား နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့စွမ်းဆောင်ရည်ဆု"** (စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးတောင်သူလယ်သမားဆု)ကို ၃၀-၄-၂၀၁၃ ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များစွာတွင်လည်း ယခုကဲ့သို့ ထူးချွန်ဆုများကိုဆက်လက်ရရှိနိုင်ပါစေကြောင်း ဤမြို့နယ်အသင်းမှ ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ဇင်၏ PPNo.887623 (29-9-2000)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉ ၇၃၀၅၈၈၇၀**

ကျွန်တော်များ Hnin Thazin Construction Co.,Ltd.၏ မှတ်ပုံတင်လက်မှတ်နှင့် စာရွက်စာတမ်းများ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။
**ဒေါ်နှင်းသဇင်မြင့် ဖုန်း-၀၁ ၅၀၁၀၂၀**




# ဂုဏ်ပြုကျေးဇူးတင်လွှာ

ISM ကျောင်းမှ ကျောင်းသားများနှင့် မိဘများ၏အခက်အခဲများကို စာနာနားလည်စွာဖြင့် သတင်းရေးသား ဖော်ပြပေးခဲ့ကြသော အောက်ပါသတင်းစာများ၊ ဂျာနယ်များနှင့် Online Media များအား ကျေးဇူးအထူးတင်ရှိပါသည်-

| | |
|---|---|
| - ကြေးမုံသတင်းစာ | - ပြည်ထောင်စုနေ့စဉ်သတင်းစာ |
| - The Daily Eleven | - ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာ |
| - The Voice Daily | - News Watch Weekly |
| - The Myanmar Times | - Education Digest Journal |
| - The Messenger | - မွန်းတည့်နေ Weekly News |
| - The Yangon Times Daily | - Kamayutmedia.com |

အဆိုပါ Media များ၏ ရေးသားဖော်ပြချက်များသည် မြန်မာနိုင်ငံအတွင်းရှိ International School များနှင့်ပတ်သက်သော စံချိန်စံညွှန်းများ၊ ကြပ်မတ်ထိန်းကျောင်းသောစနစ်တစ်ရပ်နှင့် ဥပဒေ၊ နည်းဥပဒေများအလျင်အမြန်ပေါ်ထွန်းလာစေရေးအတွက် ကြီးမားသော တွန်းအားတစ်ရပ် ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါသည်။ အထက်ပါဆောင်ရွက်ချက်များအတွက် ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးတင်ရှိပါကြောင်း ISM ကျောင်းသားမိဘများက ဖော်ပြအပ်ပါသည်။

**ISM ကျောင်းသားမိဘများ**

ကိုရီးယားနိုင်ငံတွင်တပည့်များစွာ ရောက်ရှိနေပြီဖြစ်သည်။ ၁၉၉၄-၂၀၁၃ အထိ အလုပ်လုပ်ကိုင်ခဲ့သော အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးမည်။

**ဆရာဦးတင်အောင်ဝင်း**
**B.A(His) A.G.T.I(MP) (Dip in MP, Korea)**
**97,6 th st (upper), Lanmadaw T.S, Yangon**
**၁၂/၅၆၈၊ ဘုရားလမ်း၊ မြင်းခြံ**
**ဖုန်း-၀၉-၄၀၂၅၃၈၉၂၉၊ ၀၉-၄၀၂၅၃၈၉၀၉**

# Farmer Auto ၏ မေလ အထူးဈေးရောင်းပွဲတော်

"ကျွန်တော် အစားအသောက်စားမယ်ဆိုရင် လူများပြီးရောင်းကောင်းတဲ့ဆိုင်ကို ရွေးချယ်ပြီး စားလေ့ရှိတယ်။ စားသုံးသူများတယ်ဆိုတာ တစ်ခုခုကောင်းတာ သေချာလို့ ဘဲဖြစ်မယ်။"

"မော်တော်ကားဝယ်မယ်ဆိုလဲ ရောင်းအကောင်းဆုံး ကားအရောင်းပြခန်းကို သွားရောက်ဝယ်ယူမှာဖြစ်တယ်။"

(၁)-အမှတ်(၆၄)၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်။ဖုန်း-၅၄၂၅၄၄၊၅၄၆၃၅၅၊

(၂)-အမှတ်(၁၉)ပြည်လမ်း(Ocean Center ရှေ့)ရန်ကုန်။ဖုန်း-၆၆၁၅၈၈၊၀၉-၇၃၂၆၂၄၃၈၊

(၃)-အမှတ်(၅)၊အထက်ပုဇွန်တောင်လမ်းမ(မင်္ဂလာကုန်းဘုတာရှေ့)ရန်ကုန် ။ဖုန်း-၀၉- ၇၃၄၉၁၀၁၇၊

Website-www.farmerautos.com , Email-fpy.auto@gmail.com

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်မည်)

အချိန်ပိုင်းဆရာ၊ ဆရာမများအားခေါ်ယူခြင်း
မူကြို၊မူလတန်း၊ အလယ်တန်း၊အထက်တန်း
၁။ အင်္ဂလိပ်စာ၊ ဆရာ၊ဆရာမ (၅)ယောက် (အင်္ဂလိပ်စာဘွဲ့ရ)
၂။ သင်္ချာ၊ ဆရာ၊ဆရာမ (၅)ယောက် (သင်္ချာဘွဲ့ရ)
၃။ မူကြိုဆရာ၊ ဆရာမ (၄)ယောက် (သင်တန်းဆင်းလက်မှတ်ရှိရမည်)

၃၁-၅-၂၀၁၃ရက်နောက်ဆုံးထား၍ C.V Form ရဲစခန်း၊ ရပ်ကွက်၊ ထောက်ခံစာ၊ ရရှိထားသောဘွဲ့လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ ယူဆောင်၍လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - Dream Home ဇီးကုန်းကျေးရွာအုပ်စု ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ အခန်း(၅၀၁)A-၄ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၁၀၆၀၁၇ (နော်ထူးထူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၁၂၉၁ A)၊ ဧရိယာ(၀. ၁၁၀ ဧက)မြေကွက်အား ၅-၁၀-၂၀၀၀ မှ ၄-၁၀-၂၀၃၀ ထိ ဦးလှမင်းအမည်ဖြင့် ဂရန်ရရှိပြီးဖြစ်သော်လည်း ဂရန်ပျောက်ဆုံးသွားပါသဖြင့် ဂရန်မိတ္တူချထားပေးရန် လျှောက်ထားခြင်းအပေါ် မြေဂရန်မိတ္တူထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားမူရင်းတင်ပြ၍ ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလှမင်း[၁၂/ရကန(နိုင်)၀၁၃၃၀၈]**
**ဓာတုဗေဒပါမောက္ခ(ငြိမ်း)**
**ပဲခူးတက္ကသိုလ်။**


## ရောင်းရန်ကြော်ငြာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၉

| | | |
|---|---|---|
| ဦးကျင်ဌေး **(တရားနိုင်)** | နှင့် | ဒေါ်ခင်မျိုးနိုင် **(တရားရှုံး)** |

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၈ တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ (၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံဆွဲ ဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိက တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း။ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

(က) ကားဘော်ဒီရုံခန်းတည်နေရာမှာ အမှတ်-န/၈၀၊ စက်မှုလမ်း၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ အကျယ် ပေ ၁၈× ၄၅၊ ရေ/မီးအစုံအလင်။
(ခ) ပလတ်စတစ်ကျိုစက် (၁)လုံး (၄ လက်မ လွန်စက်)
(ဂ) ပလတ်စတစ်ကျိုစက်(၁)လုံး (၃ $\frac{1}{2}$ လက်မလွန်စက်)
(ဃ) ပလတ်စတစ်ခုတ်စက်(၁)လုံး (ခုတ်ဓား ၁ပေ)
(င) ပလတ်စတစ်လျှော်စက် (၁)လုံး (တိုင်ကီ တစ်လုံးစာ)
(စ) ယခုလက်ရှိ ကုန်ကြမ်းပစ္စည်းများမှာ ပီနန်ကော်စေ့- ပီနန်အရွက် စဉ်(ခ) (စ)အထိပါ ပစ္စည်းများမှာ စဉ်(က)ပါ တည်နေရာ၌ပင်ရှိပါသည်။

ကြမ်းခင်းဈေးကျပ်သိန်း(၃၅၀)။

**ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြ ချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း၊ တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင် ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူ အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်တွင် ရုံးတံဆိပ်ရိုပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မြသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ခုနှစ် မေလ ၈ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာ တည် ဆဲဥပဒေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့်အိမ်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူ ပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(ကျပ် ၁၀၀၀၀ိ/-) သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာဘုတ်အဖွဲ့**

---

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ **ဦးအောင်ကိုဝင်း**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့ စွမ်းဆောင်ရည်ဆု(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်-ပထမဆု)အားချီးမြှင့်ခံရခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂါတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာ မျိုးသန့်-ဒေါ်ယုဇော်**
**Zar & Zar Co.,Ltd.**

---


**ဦးရဲမင်းပိုင် ၁၀တန်း၊ ၉တန်း**
သချာသီးသန့် နှင့် ဘာသာစုံတန်းခွဲများ
ဝိုင်း(၁၅) ဦးသီးသန့်ဘာသာစုံ-၅၀၀၀၀ကျပ်
အထူးတန်းခွဲ ဘာသာစုံ-၂၅၀၀၀ကျပ် ငွေနှလာဆန်းစမည်
[illegible]



**BIS** ဒေါ်နီလာဘာရာဒွါဂျာ ဦးစီးသော
Bharadwaj International School
Nursery & Pre KG (Age 3 to 4 yrs)
KG to IGCSE (Mon to Fri)
Weekend Classes (9:00 to 12:00)
No. 621, 2nd Floor, United Condo, Bo Ywe Street, Latha Township, Yangon. Tel : 01-243978
Mobile : 09-5501141, 09-8537403, 09-73123655
ကျောင်းအပ်လက်ခံပါပြီ


---

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

" Agro Innovation Group Public Co., Ltd." (AIG) ၏ ၁၈.၅.၂၀၁၃ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သော ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး တိုးတက်အောင် ပံ့ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

1.SD Mark International LLP.
2.Golden New World Co.,Ltd.
3.Manda Fermentation Co.,Ltd. ( Japan )
4.Gold Cycle Engineering & Project International Co.,Ltd.
5.Henan Chengfangyuan International Trading Co.,Ltd. (China)
6.Mueang Phet Agriculturist Restore Public Co.,Ltd. ( Thailand )
7. New Trust Co., Ltd.
8. Htut Zay Aung Co.,Ltd.
9.Glory Heyday Services Co.,Ltd.
10.21st Century General Services Co.,Ltd.
11.Myauk U Htake Tan Rice Specialization Co.,Ltd.
12.Myanma Authentic Space Travels & Tours Co.,Ltd.

---

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်း၊ အမှတ်(၁၁၆)၊ အခန်း(၂)တွင် နေထိုင်သူ ဦးတင်ဒွေး ၊ နိုင်ငံသားအမှတ်-[၁၂/တမန(နိုင်)၀၅၁၂၆၆]ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၃၀-၄-၂၀၁၃) နေ့တွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

Princess®
COLLECTION

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ပိတ်စအမျိုးမျိုးဖြင့် ချုပ်လုပ်ထားသော အမျိုးသမီးဝတ်၊ အမျိုးသားဝတ်၊ ကလေးဝတ်၊ အင်္ကျီအမျိုးမျိုး၊ ရှပ်အင်္ကျီအမျိုးမျိုး၊ ကျောင်းဝတ်စုံအမျိုးမျိုး၊ ဆွယ်တာ အမျိုးမျိုး၊ ၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီအမျိုးမျိုး၊ အားကစားဝတ်စုံများ၊ ဦးထုပ်၊ ထီး၊ ဂျာကင်၊ မိုးကာ၊ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်၊ အမျိုးသားဝတ် ဂျင်းဘောင်းဘီ၊ စတိုင်လ်ဘောင်းဘီ၊ အားကစားဘောင်းဘီ၊ ဘောင်းဘီ အတိုအရှည်၊ အမျိုးသမီးဝတ် စကတ်အမျိုးမျိုး၊ ဝစ္စကုတ်အမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ ဖိနပ်၊ ခါးပတ်၊ ခြေအိတ်၊ အဝတ်အထည်နှင့်ပတ်သက်သော ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို အထက်ပါလိပ်စာမှ ထုတ်လုပ်ပြီး ယင်းလိပ်စာမှပင် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်

အဆိုပါ ကုန်အမှတ်တံဆိပ်အား ၎င်းမှတ်ပုံတင်သည့်ရက်မတိုင်မီ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခြင်းရှိပါက ကျွန်ုပ်ထံသို့ လာရောက်၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများအားပြသပြီး ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အဆိုပါ ကုန်အမှတ်တံဆိပ်အား ဆက်လက်ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်း မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးတင်ဒွေးမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက ဦးတင်ဒွေး၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်သန်း LL.B,D.M.A, D.B.L.,D.M.L,D.A(Psy)**
**WIPO,D.L.P (Switzerland)**
**Diploma in International Law**
**High Court Advocate & Legal Advisor**
**ရုံးခန်း-** အမှတ်(၆၂)၊ အခန်း(၁၇)၊ Winner Firm ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**နေအိမ်-** အမှတ်-၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉ ၅၀၄၂၀၀၃

---


လယ်တွင်းသားစောချစ်
"နှလုံးသားစလှေသူ့မစတ်ရ"
လုံးချင်းဝတ္ထု
ပန်းမြိုင်လယ်စာပေ
ထွက်ပြီ
ဖုန်း - ၀၉ ၅၅၀၁၈၆၉၊ ၆၃၅၂၆၂



50'x200' သိုလှောင်ရုံငှားရန်ရှိသည်။
ဇုန်(၂)၊ လှိုင်သာယာစက်မှုဇုန်။
Import ကုန်ပစ္စည်းထားရန်သင့်သည်။
Ph: 09-5020631 (9-6 PM) ရုံးချိန်


---

## အများသိစေရန် ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

[illegible]

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်[illegible] ( LL.B) [illegible]

[illegible]

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား နိုင်ငံတကာရေးရာဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အား နိုင်ငံတကာရေးရာဆိုင်ရာ အမျိုးသားဒီမိုကရက်တစ်အဖွဲ့ (NDI)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Dr. Richard A. Nuccio သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ နိုင်ငံတကာ ဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကမ္ဘာဂြိုဟ်သည် လကမ္ဘာအား ညင်သာသောအရှိန်ဖြင့် တွန်းထုတ်လျက်ရှိ

**ဘာသာပြန် - ဟိန်းထက်လင်း**

ကမ္ဘာဂြိုဟ်သည် လကမ္ဘာအား လွန်ခဲ့သည့်နှစ်သန်း ၅၀ ကာလကထက် အမြင့်ဆုံးအရှိန်ဖြင့် ဝေးရာသို့ တွန်းထုတ်လျက်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပါဂျူးတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ မက်သူးဟူဘာ၏ အဆိုအရ လ၏ ဆွဲငင်အားသည် နေ့စဉ်နှင့်အမျှ ဒီရေအတက်အကျဖြစ်စဉ်များကို ဖန်တီးပေးနေလျက်ရှိရာ ယင်းကြောင့် ကမ္ဘာဂြိုဟ်နှင့် လကမ္ဘာအကြားရှိ စွမ်းအင်တစ်ရပ်မှာ ပျောက်ကွယ်သွားကာ လကမ္ဘာသည် ၎င်း၏အာကာသဝင်ရိုးအပေါ် ရပ်တည်လည်ပတ်ရင်းဖြင့်ပင် ကမ္ဘာနှင့် ဝေးရာသို့ တစ်နှစ်လျှင် တစ်လက်မခွဲခန့် ရွေ့လျားသွားနေကြောင်း သိရသည်။

မစ္စတာ ဟူဘာသည် သိပ္ပံပညာရှင်များ ကာလရှည်ကြာ အဖြေရှာ စာမျက်နှာ ၈ ကော်လံ ၅ သို့ ○



# လာလည်ခဲ့ပါ အင်းလေးကန်သာ

**သတင်းဆောင်းပါး - နိုင်ထွန်း၊ နေမျိုးသူရိန်**
**ဓာတ်ပုံ - ငွေးအောင် (ကြေးမုံ)**

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း၌တည်ရှိသည့် ကမ္ဘာ့ရေတိမ်ဒေသများတွင် အပါအဝင်ဖြစ်သလို အာဆီယံယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်သည့် ဇီဝမျိုးစုံကြွယ်ဝသည့် ကန်ကြီးဖြစ်ပါသည်။

အင်းလေးကန်သည် နှစ်ကာလကြာမြင့်စွာ တည်တံ့လာခဲ့ပြီး သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ရာသီဥတုဒဏ်များကို ခံစားခဲ့ရပြီး လူဦးရေတိုးတက် များပြားလာခြင်း၊ စီးပွားရေးအရ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အင်းရေပြင်ကျဉ်းမြောင်းလာခြင်း၊ နွေရာသီတွင် သတ်မှတ်ရေမှတ်အောက်သို့ ရောက်ရှိခြင်းများဖြစ်ပေါ်လာခဲ့ပါသည်။ အထူးခြားဆုံးအဖြစ် ၂၀၁၀ ခုနှစ်တွင် အနုတ် ၂ ဒသမ ၃ ပေအထိနှင့် ယခုနှစ် ဧပြီလတွင် အနုတ် ၁ ဒသမ ၇ ပေအထိ ကျဆင်းခဲ့သဖြင့် အချို့နေရာများတွင် ကုန်းမြေများပေါ်သည်အထိ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ ရေမျက်နှာပြင်လျော့ကျမှုကြောင့် ဖောင်တော်ဦးဘုရားအနီးတစ်ဝိုက်နှင့် ကျေးရွာချင်းဆက်သွယ်သည့် ရေလမ်းကြောင်းများတွင် ရေနည်းပါးမှုများဖြစ်ပေါ်ခဲ့ရာ ဖောင်တော်ဦးဘုရားအနီးတစ်ဝိုက်၊ ဖောင်တော်ဦးဘုရားမှ အလိုတော်ပေါက် ဘုရားသို့ သွားသည့်ရေလမ်းကြောင်း၊ ဟဲယာရွာမကျေးရွာသို့သွားသည့် စာမျက်နှာ ၉ ကော်လံ ၂ သို့ ❑



## မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာစီမံကိန်း၏ မြို့ပြပုံစံသုံးခု၏ အသေးစိတ်နှိုင်းယှဉ်ချက်

**သတင်း-ကိုသက် (ဗိုလ်တထောင်) ❖ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း၏ မြို့ပြပုံစံသုံးခုအနက် ပုံစံ(၂)ကို ရွေးချယ်တည်ဆောက်သွားမည်ဟု ဖော်ပြခဲ့ပြီးဖြစ်သော်လည်း ၎င်းမြို့ပြပုံစံသုံးခု၏ အသေးစိတ်နှိုင်းယှဉ်ဖော်ပြချက်များ ထပ်မံတင်ပြရေးသားလိုပါသည်။

မြို့ပြပုံစံသုံးခုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခြားအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီအသင်းအဖွဲ့များအတွင်း ဖွံ့ဖြိုးတိုးတက်မှုအမြင်များအား ဖော်ထုတ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းမြို့ပြပုံစံသုံးခု၏ အသေးစိတ်နှိုင်းယှဉ်ဖော်ပြချက်တွင် မြို့ပြပုံစံ(၁)သည် မြို့လယ်ဗဟိုပြုဖွံ့ဖြိုးမှုပုံစံ (Sub-Center System)အဖြစ် လက်ရှိ ဗဟိုစီးပွားရေးဇုန်နေရာမှာ မြို့ပြလူပ်ရှားမှုများနှင့်အတူ လူဦးရေအလွန်ထူထပ်ခြင်း၊ ယာဉ်ကြောကျပ်တည်းခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ မြေဈေး နှင့်အိမ်ဈေးများအဆမတန်မြင့်မားခြင်းစသည့် မြို့ပြနှင့်ဆိုင်သော ပြဿနာများဖြစ်ပေါ်လာနိုင်သည်။ ထိုသို့ ပြဿနာများဖြေရှင်းနိုင်ရန် စာမျက်နှာ ၉ ကော်လံ ၁ သို့ ●




# မြို့ပတ်ရထားအထူးတွဲ ခရီးသည်များနှစ်ခြိုက်

**ရန်ကုန် မေ ၂၃**

မြန်မာ့မီးရထား(မမ)သည် မြို့ပတ်ရထားများအား အဆင့်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့ပတ်ရထားများအဆင့်မြှင့်တင်ရေး၏ ခြေလှမ်းတစ်ခုအဖြစ် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နေ့မှ စ၍ ရန်ကုန်မြို့၌ ပြေးဆွဲလျက်ရှိသောမြို့ပတ်ရထားများအနက် ရထားအမှတ် (က-ခ-ဇ-ဆ-သ) တို့တွင် အထူးတွဲ တစ်တွဲစီ ချိတ်ဆက်ထည့်သွင်းပြေးဆွဲလျက်ရှိသည်။ ယင်းအထူးတွဲများမှာ ခရီးဝေးသွား ရိုးရိုးတန်းတွဲများကို ပြင်ဆင်မွမ်းမံပြီး အထူးတွဲများအဖြစ် အသုံးပြုထားခြင်းပင်ဖြစ်သည်။

ယင်းအထူးတွဲများတွင် မျက်နှာကြက်ပန်ကာ ငါးလုံးစီပါရှိပြီး ဖိုင်ဘာထိုင်ခုံများဖြင့် သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရန် စီစဉ်ထားသည်။ ရထားပေါ် ဈေးရောင်းသည့် ဈေးသည်များ၊ အလှူခံများတက်ရောက်ခွင့်မရှိသဖြင့် ခရီးသွားများ စိတ်ချမ်းမြေ့စွာ စီးနင်းလိုက်ပါနိုင်ကြသည်။ လက်မှတ်စစ်နှစ်ဦး၊ တွဲထိန်း တစ်ဦးနှင့် ရထားရဲတစ်ဦးတို့ကလည်း ယင်းအထူးတွဲတိုင်းတွင် လိုက်ပါတာဝန်ထမ်းဆောင်ကြရသည်။အထူးတွဲ၌ စီးနင်းလိုက်ပါလိုသူများအတွက် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်တစ်ခုအတွက် တစ်ဦး ကျပ် ၂၀၀ ဖြစ်သည်။ ရိုးရိုးတန်းဖြင့်ဆိုလျှင် အသွားအပြန် ခရီးစဉ် နှစ်ခုအတွက် တစ်ဦးကျပ် ၁၀၀ သာဖြစ်သည်။ သို့သော် အဆင်ပြေပြေ စည်းကမ်းတကျ စီးနင်းလိုက်ပါနိုင်ကြသဖြင့် ခရီးသွားများက ထိုအထူးတွဲများကို နှစ်ခြိုက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာစာမျက်နှာ လေးမျက်နှာ အပိုပါရှိပါသည်။

